# ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိကိုယ်ကိုသာ ကိုးကွယ်အားထားရာ၏။ သူတစ်ပါးသည် မိမိ၏ ကိုးကွယ်အားထားရာ မဖြစ်နိုင်ချေ။ မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းဖြင့် ရနိုင်ခဲသော အရဟတ္တဖိုလ်သို့ပင် ရောက်နိုင်၏။ (မိမိကိုယ်စိတ်နှစ်ပါး လုံခြုံအောင် ထိန်းသိမ်းထားနိုင်မှသာလျှင် မိမိကိုယ်သည် ကိုးကွယ်အားထားနိုင်သူဖြစ်လာနိုင်သဖြင့် မိမိကိုယ်စိတ်နှစ်ပါးကို လုံခြုံခိုင်ခံ့အောင် ထိန်းသိမ်းထားရာ၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၀)


၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 13 October 2016 (၈၇၁၃)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်

## လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာ ဝန်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H. E. Mr. Jean ASSELBORN နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လူဇင်ဘတ်နိုင်ငံမှ မြန်မာနိုင်ငံအား အကူအညီပေးနေမှုများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H. E. Mr. Jean ASSELBORN တို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြစဉ်။** (သတင်းစဉ်)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၁၃ ။** ။အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဂိုအာမြို့၌ ကျင်းပမည့် BRICS-BIMSTEC Outreach Summit သို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကိစ္စများ ဆွေးနွေးရန် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ မျှမျှတတဖြစ်အောင် တရားဥပဒေစိုးမိုးရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးကြိုးပမ်းနေ

## အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားရသည့် ဇာစ်မြစ်များကို ရှင်းရှင်းလင်းလင်း မသိရသေးသဖြင့် မည်သူ့ကိုမျှ စွပ်စွဲသွားမည်မဟုတ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders တို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ နယ်သာလန်နိုင်ငံနှင့် မိတ်ဆွေနိုင်ငံအဖြစ်ဆက်ဆံခဲ့ရာ ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်လုပ်ဆောင်သွားရန် ဆွေးနွေးခဲ့ပါကြောင်း ပြောကြားသည်။

နယ်သာလန်နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders က မြန်မာနိုင်ငံ၏ အခြေအနေမှာ ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် များစွာ တိုးတက်လာခဲ့ကြောင်း၊ ယနေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကို အဓိကဆွေးနွေးခဲ့ပါကြောင်း၊ ပထမအချက်အနေဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေးမြှင့်တင်ရန်၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ယင်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက်

**လူ့အခွင့်အရေးပြဿနာကို အစိုးရတစ်ခုတည်း ကိုင်တွယ်ဖြေရှင်း၍ မရဘဲ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်။**


**စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆**



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ပစ္စုပ္ပန်အခက်အခဲ အကျပ်အတည်းများနှင့် အနာဂတ်အလားအလာကောင်းများ

ဂလိုဘယ်လိုက်ဇေးရှင်း (Globalization)ခေတ်၌ မည်သည့် နိုင်ငံတော်စီးပွားရေးမဆို ကမ္ဘာ့စီးပွားရေး၏ ရိုက်ခတ်မှုတို့ကို ခံရမည်သာဖြစ်ပါသည်။ စီးပွားရေးပညာရှင်ရှောင်တာနဲလ် (Sean Turnel) က မြန်မာနိုင်ငံ၏ စီးပွားရေးနှေးကွေးခြင်းကို တရုတ်နိုင်ငံ၏ စီးပွားရေးနှေးကွေးမှုအပါအဝင် ဥရောပနှင့် ဂျပန်နိုင်ငံတို့၏ စီးပွားရေးတိုးတက်မှုရပ်တန့်နေခြင်းတို့နှင့် ဆက်စပ်သုံးသပ်တင်ပြသည်ကို တွေ့ရပါသည်။ သို့သော် ရှစ်ရာခိုင်နှုန်းဟူသော မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်နှုန်းသည် ကမ္ဘာကြီး၏အကောင်းဆုံးသော ဖွံ့ဖြိုးမှုနှုန်းတို့၌ ပါဝင်နေသည်ကို စီးပွားရေးပညာရှင်ရှောင်တာနဲလ်ကထောက်ပြပါသည်။

မြန်မာနိုင်ငံ၌ ဗဟိုဘဏ်အပါအဝင် အစိုးရယန္တရား အရပ်ရပ်၌ ဟန်ချက်ညီညီချိတ်ဆက်လုပ်ကိုင်နိုင်စွမ်း အားနည်းနေသေးခြင်းသည် နှစ်ပေါင်း ၅၀ ကျော် ချမှတ်ကျင့်သုံးခဲ့သော မူဝါဒတို့၏ အကျိုးဆက်ဖြစ်သကဲ့သို့ ဤကဲ့သို့သော အစိုးရယန္တရားတို့၏ ဟန်ချက်မညီမှုကြောင့် ငွေကြေးဖောင်းပွနှုန်း ၁၂ ရာခိုင်နှုန်းအထိ ရှိနေသည်ကို စီးပွားရေးပညာရှင် ရှောင်တာနဲလ်က သုံးသပ်ပြပါသည်။ အဆိုပါ အစိုးရယန္တရားတို့၏ ဟန်ချက်မညီမှုကိုလည်း အချိန်တိုအတွင်း ကုစားဆောင်ရွက်၍ မရနိုင်သည်ကို စီးပွားရေးပညာရှင် ရှောင်တာနဲလ်က ဆွေးနွေးတင်ပြခဲ့ပါသည်။ ငွေကြေးဖောင်းပွမှုထိန်းချုပ်ရေးနည်းလမ်းတစ်ရပ်ဖြစ်သော အစိုးရငွေချေးစာချုပ်များ လေလံတင်ရောင်းချခြင်းကို ပထမဦးဆုံးအကြိမ် အကြီးအကျယ် အောင်မြင်မှု ရယူကျင်းပနိုင်ခဲ့သည်ဟူသော စီးပွားရေးပညာရှင်ရှောင်တာနဲလ်၏ ထောက်ပြမှုသည် ပြည်သူတို့၏ စိတ်ဓာတ်ခွန်အားကို တိုးမြှင့်ရာ၌ အထောက်အပံ့ကောင်းဖြစ်မည်ဟု ယူဆပါသည်။

အခွန်အကောက်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရာ၌ ပုံသေနည်းဖော်ထုတ်သောအဆင့်သို့ ရောက်ရှိနေပြီဟူသောစီးပွားရေးပညာရှင်ရှောင်တာနဲလ်၏ တင်ပြချက်သည် ပြည်သူတို့၏ မျှော်လင့်ချက်ကိုတိုးပွားစေပါသည်။ အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသောစီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှု ရုတ်သိမ်းခဲ့ခြင်းနှင့် ကုန်သွယ်ရေးအထူးခံစားခွင့်(GSP) ခွင့်ပြုခဲ့ခြင်းတို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးကို ကမ္ဘာ့စီးပွားရေး၌ ပါဝင်ချိတ်ဆက်နိုင်အောင်ဖန်တီးပေးသကဲ့သို့ နိုင်ငံတကာမှရင်းနှီးမြှုပ်နှံမှုတို့ မြန်မာနိုင်ငံအတွင်းသို့စီးဝင်စေမည့် အခြေအနေကောင်းတစ်ရပ်ကိုပါ လုပ်ကိုင်ရရှိစေခဲ့ပါသည်။ အဆိုပါအလားအလာကောင်းတို့သည် မြန်မာနိုင်ငံ၏တန်ဖိုးမြင့် ပြည်ပပို့ကုန်တို့ ကမ္ဘာ့ဈေးကွက်သို့တင်ပို့နိုင်ရေးအပေါ် ပံ့ပိုးတွန်းအားပေးသွားမည်ဖြစ်ပါသည်။ အထက်၌ တင်ပြခဲ့သော တိုင်းပြည်၏ အနာဂတ်စီးပွားရေးမြင်ကွင်းတို့သည် လူထုအစိုးရသစ်၏ ခြောက်လတာကာလအတွင်း မြန်မာနိုင်ငံသို့ ဝင်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့နည်းပါးနေသည်ဟူသော စိုးရိမ်မှုတို့ကို ပြေပျောက်လျော့ပါးစေမည်ဖြစ်ပါသည်။ အပြောင်းအလဲမရှိတည်ငြိမ်၍ ကာလရှည်ကြာတန်ဖိုးမြင့် ပြည်ပပို့ကုန်တို့ကို ထုတ်လုပ်ပေးမည့် ရင်းနှီးမြှုပ်နှံမှုတို့ဟူသည် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်၍ အချိန်ယူဆောင်ရွက်ရသော သဘောရှိသည်ဟူသော စီးပွားရေးပညာရှင် ရှောင်တာနဲလ်၏ ဆွေးနွေးတင်ပြမှုသည် လူထုအစိုးရသစ်အပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို ဆက်လက်ခိုင်မာအားကောင်းစေမည် ဖြစ်ပါသည်။ တိုင်းပြည်က ရင်ဆိုင်နေရသောအခက်အခဲအကျပ်အတည်းများနှင့် အနာဂတ်အလားအလာကောင်းတို့ကို ချိန်ထိုးနှိုင်းယှဉ်တင်ပြခဲ့သာ စီးပွားရေးပညာရှင်ရှောင်တာနဲလ်၏ သုံးသပ်ချက်များသည် တိုင်းပြည်၏ လိုအပ်ချက်တစ်ရပ်ကိုဖြည့်ဆည်းလိုက်ခြင်းဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ပါသည်။ ။

# ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များရှိ တိုက်ပွဲရှောင်ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး စန်းသီတာခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ပြုလုပ်သော ကချင်ပြည်နယ်အတွင်း တိုက်ပွဲရှောင်စခန်းများရှိ မိသားစုများအတွက် လတ်တလော ထောက်ပံ့ငွေပေးအပ်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး တက်ရောက်ပြီး “ယခု ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများနှင့်ဆက်စပ်ခံစားရမှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှုရရှိပါက လျော့နည်းပပျောက်သွားမည် ဖြစ်ပါကြောင်း၊ သဘာဝဘေးနှင့် လူတို့ဖန်တီးသောဘေးများကြောင့် ဒုက္ခရောက်နေကြရသော ပြည်သူများနှင့်အတူ မိမိတို့အစိုးရအနေဖြင့် ခံစားသိရှိရပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း” ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ်အတွင်းရှိ လတ်တလော လိုအပ်လျက်ရှိသည့် တိုက်ပွဲရှောင်မိသားစုများအတွက် ထောက်ပံ့ငွေကိုပေးအပ်ရာ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်



လူမှုရေးဝန်ကြီး ဒေါက်တာ သင်းလွင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့တော်ခန်းမ၌ ကျင်းပလျက်ရှိသည့် ကချင်ပြည်နယ် လူငယ်မူဝါဒဖြစ်မြောက်ရေးဖိုရမ်သို့ တက်ရောက်ကာ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင် ၃၀၀)သို့ ရောက်ရှိပြီး စစ်ဆင်ရေးတွင် ဒဏ်ရာရရှိသော လူနာစစ်သည်များကို လှည့်လည်ကြည့်ရှုကာ အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝိုင်းမော်မြို့ သာဂရ သရက်တောကျောင်းတိုက်ရှိ တိုက်ပွဲရှောင်ပြည်သူများ၊ မိုင်းနားရပ်ကွက် ကေဘီစီတိုက်ပွဲရှောင်ပြည်သူများနှင့် မန်ခိန်ရွှေစက်ရပ်ကွက်ရှိ ဆော့လော်မြို့နယ် ရေဘေးအန္တရာယ်ဖြစ်ပွားပြီး မြစ်ကြီးနားမြို့တွင် လာရောက်ပညာသင်ကြားလျက်ရှိသော ကလေးငယ်များကို တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေ၊ ဆန်၊ ဆီနှင့် အစားအစာများ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

# မန္တလေး ဂီတမောင်နှမများ ပရဟိတအသင်းကြီး၏ ပထမအကြိမ် သက်ကြီးအနုပညာရှင်များ ပူဇော်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး ဂီတမောင်နှမများ ပရဟိတအသင်းကြီး၏ ပထမအကြိမ် သက်ကြီးအနုပညာရှင်များ ပူဇော်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မြို့မတူရိယာအသင်းတိုက်၌ ကျင်းပသည်။


သက်ကြီးပူဇော်ကန်တော့ပွဲတွင် မန္တလေးမြို့မှ သက်ကြီးအနုပညာရှင်များအား ကန်တော့ခြင်းဖြစ်ပြီး နောင်နှစ်များတွင် နယ်မြို့များကပါ ပါဝင်နိုင်ရန် စီစဉ်ထားရှိသည်။ မန္တလေးဂီတမောင်နှမများ ပရဟိတအသင်း၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲတွင် အသက် (၇၀) နှစ်နှင့်အထက် ကန်တော့ခံ ဂီတအနုပညာရှင်များမှာ ဦးကျော်ရှိန် (ပတ္တလား)၊ ဆရာဘို(စန္ဒယား)၊ ဆရာပေါ်(ဂီတမှူး မြို့မ)၊ ဦးကျော်ညွန့်(မြို့မ)၊ ဦးကိုလေး(လေမှုတ်သင်္ဂဟ)၊ ဦးလှအောင်(အတီးပညာရှင်)၊ ဦးဘလှိုင်(လေမှုတ်)၊ ဦးဝင်းမောင်(လေမှုတ်)၊ ဦးစိုးမင်း(ထရမ်းပက်သီဂီ)၊ ဦးဘို(ဒိုး)၊ ဒေါ်စိမ်းစိမ်း(တေးသံရှင်)၊ ဦးထွန်းရွှေလေး(လေမှုတ်တေးရေး)၊ ဦးရွှန်းမြိုင်(မြို့မ)၊ ဦးခင်မောင်သန်း(တေးချစ်သူ)၊ ဒေါ်ခင်မေ(စောင်း)၊ ဦးတင့်ဝေ(တယော)၊ ဦးကိုလေး(ဂီတာ)၊ ဒေါ်ကြွယ်ကြွယ်(တေးသံရှင်)၊ ဦးကျော်



မိုး(စန္ဒယား)၊ ဒေါက်တာချစ်မောင်(ဘင်ဂျို)၊ ဦးအေပေါ်(လေမှုတ်)၊ ဦးမောင်လေး(လူကြမ်း)၊ ဦးသိန်းမောင်(ဒိုး)၊ ဦးလှစိန်(လေမှုတ်)၊ ဦးခင်မောင်ဦး(ယဉ်မွန်)၊ ဆရာထူး(စန္ဒယား)၊ ဦးကျော်ဇော(လေမှုတ်-မြို့မ)၊ ဦးတင်လှ(လေမှုတ်)၊ ဦးညွန့်မောင်(တေးသံရှင်)တို့ ဖြစ်သည်။

မန္တလေး ဂီတမောင်နှမများ ပရဟိတအသင်းကြီးကို ယခုနှစ် ဇွန် ၂၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင် ၂၅၀ ခန့် ရှိကြောင်း သိရသည်။

**(၀၀၂)**




# ကျေးလက်ဖွံ့ဖြိုးရေး ဆောင်ရွက်

**သထုံ အောက်တိုဘာ ၁၂**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းသည် အောက်တိုဘာ ၁၁ ရက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဘီးလင်းမြို့နယ် ကျိုက်တဲကျေးရွာ အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း မဆောင်ရွက်မီ မြေပြင် ပြင်ဆင်ထားရှိမှုအခြေအနေ၊ ကျောက်ပုံ-ဝင်းသောင်-သက္ကယ်ကျင်းလမ်းပေါ်ရှိ ပေ ၆၀ ကွန်ကရစ်တံတားနှစ်စင်းဆောင်ရွက်နေမှု အခြေအနေများနှင့် အောက်တိုဘာ ၁၂ ရက်တွင် သထုံမြို့နယ် ချောင်းစောက်-မိုးကောင်း ကျောက်ချောလမ်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီများအား လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် ပြည်သူများ ရေရှည်သွားလာနိုင်ရေး တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၄၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၂၈၊ ၀၆၇-၃၄၁၀၃၀၊ ဖက်စ် ၀၆၇-၃၄၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၉၃၃၅၁

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အီဂျစ်နိုင်ငံတို့မှ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စလုသို့ဗ္ဗန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆော့ချီသည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ခါလဒ်မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၌ ၎င်းတို့၏ သံအမတ် ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်မှုများသို့ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော့ချီ အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားဧည့်သည်များအား သီးခြားစီတွေ့ဆုံ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ စတီဗင် အို ဘရိုင်ယန်အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာ ဝန်ကြီး၊ သြစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး၊ ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ် ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး ဒုတိယ အတွင်းရေးမှူးချုပ်တို့နှင့် ယနေ့တွင် နေပြည်တော် ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders နှင့် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်း လဲရေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့် ဘက်စုံ ရေအရင်းအမြစ် စီမံခန့်ခွဲမှုကဏ္ဍ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ် များကို ဆွေးနွေးကြသည်။

လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပ ရေးရာဝန်ကြီး H. E. Mr. Jean ASSELBORN နှင့် ယနေ့ နံနက် ၁၁ နာရီတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

သြစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Michael Linhart နှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ စတီဗင် အို ဘရိုင်ယန်နှင့် ယနေ့ ညနေ ၃ နာရီတွင် တွေ့ဆုံစဉ် မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကို ဦးစားပေးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေမှု ကိစ္စများ၊ မြန်မာအစိုးရနှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးရုံး တို့အကြား ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း ၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

☆ **ရှေ့ဖုံးမှ**

စွမ်းဆောင်ရည်မြှင့်တင်ရေးကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဒုတိယ အချက်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ရှိရင်းစွဲပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် လူမျိုးစုပြဿနာ၊ လူနည်းစုများအရေးနှင့် မတူညီသော လူမျိုးစုများအကြား ရှုပ်ထွေးခက်ခဲသည့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ချင့်ချိန်ပြီး စနစ်တကျဖြေရှင်းရန် လိုအပ်ကြောင်း၊ ယမန်နေ့က ရခိုင်ပြည်နယ် သို့ ရောက်ရှိခဲ့စဉ် ဒေသခံများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တာဝန် ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ် နိုင်ခဲ့ကြောင်း၊ ရခိုင်အရေးကိစ္စမှာ ရှုပ်ထွေးပါကြောင်း၊ ဒုက္ခရောက်နေသော ဒေသခံများထံ လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ရောက်ရှိ ရေးနှင့် ဒေသခံများ လွတ်လပ်စွာသွားလာရေးမှာ အရေးကြီးပါကြောင်း၊ ခရီးစဉ်အတွင်း ဧည့်ဝတ်ကျေပွန်မှုနှင့် နယ်သာလန်သံရုံး ဖွင့်လှစ်ခွင့်ပြုခဲ့မှု တို့အပေါ် မြန်မာအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားကြရာ တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြဿနာကို အကောင်းဆုံးဖြစ်အောင်၊ မျှမျှတတ ဖြစ်အောင် တရားဥပဒေစိုးမိုးရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကြိုးပမ်းနေ သည်ဆိုသည်ကို ကမ္ဘာ့နိုင်ငံများအားလုံးသို့ အသိပေးပြောကြားလိုပါကြောင်း၊ အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားရသည့် ဇာစ်မြစ်များကို ရှင်းရှင်းလင်းလင်း မသိရသေးသဖြင့် မည်သူ့ကိုမျှ စွပ်စွဲသွားမည် မဟုတ်ပါကြောင်း၊ အထောက် အထားခိုင်လုံမှသာ စွဲချက်တင်သင့်လျှင် တင်မည်ဖြစ်ပါကြောင်း၊ လူ့အခွင့် အရေးနှင့်ပတ်သက်၍ မြန်မာအစိုးရအနေဖြင့် အကောင်းဆုံး ကြိုးစား ဖြေရှင်းနေပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှု တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးမှုများ စနစ်တကျပြုလုပ်နေပါကြောင်း၊ ထိုအခြေအနေများမှာ နှစ်ပေါင်းများစွာ အမြစ်တွယ်လာသည့်အတွက် နေ့ချင်းညချင်း ဖြေရှင်း၍ ရနိုင်မည်မဟုတ်ပါကြောင်း၊ နိုင်ငံတိုင်း၌ လူ့အခွင့်အရေးပြဿနာမှာ အနည်း နှင့်အများ ရှိကြပါကြောင်း၊ လူ့အခွင့်အရေးအဓိပ္ပာယ်မှာ ကျယ်ပြန့်သည် ဆိုသည်ကို အားလုံးနားလည်သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ လူ့အခွင့် အရေးပြဿနာကို အစိုးရတစ်ခုတည်း ကိုင်တွယ်ဖြေရှင်း၍မရဘဲ ပြည်သူ လူထု၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိရေးအတွက် အစိုးရက အကောင်းဆုံးလုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နယ်သာလန် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ အနောက် ပိုင်းဒေသသို့ ယမန်နေ့က သွားရောက်ခဲ့သောခရီးမှာ အလွန်အကျိုးရှိသည့် ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ဒေသခံနိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့ အစည်းများနှင့် ကောင်းမွန်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ခက်ခဲနက်နဲသည့် ပြဿနာများကို ပြည်ထောင်စုအစိုးရအဖွဲ့က အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနေသည်ဟု ထင်မြင်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

## စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် သြစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr.Michael Linhart အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကြား စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြ သည်။

**(သတင်းစဉ်)**

# ထိုင်းဘုရင် နေပြန်ကောင်းလာစေရေးအတွက် ပြည်သူများတောင်းဆုပြု



**ဘန်ကောက် အောက်တိုဘာ ၁၂**

ထိုင်းဘုရင်ကျန်းမာရေးပြန်လည်ကောင်းမွန်လာစေရန်အတွက် နိုင်ငံတစ်ဝန်းရှိပြည်သူများက ဆုတောင်းမှုများနေရာအနှံ့ပြုလုပ်လျက်ရှိကြောင်း သတင်းများအရ သိရသည်။ ဘုရင်ဘူမိဘောအဒူလျာဒက်ဂျ်၏ ကျန်းမာရေးအခြေအနေသည် ဆိုးရွားလျက်ရှိကြောင်း အောက်တိုဘာ ၉ ရက်က ထိုင်းတော်ဝင်နန်းတော်က ပြောကြားခဲ့သည်။

အသက် (၈၈) နှစ်ရှိပြီဖြစ်သည့် ထိုင်းဘုရင်သည် ပြီးခဲ့သော ဇွန်လက နှလုံးခွဲစိတ်မှုခံယူခဲ့ရသည်။ အောက်တိုဘာ ၁၁ ရက်တွင် ပြည်သူများက ထိုင်းဘုရင် ဆေးကုသမှုခံယူနေသည့် ဘန်ကောက်မြို့ရှိ ဆေးရုံရှေ့တွင် ဘုရင်ကြီးနေပြန်ကောင်းလာရေးအတွက် ဆုတောင်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ပြည်သူများက နိုင်ငံအနှံ့အပြားရှိ ဘုရားကျောင်းများသို့ သွားရောက်ကာ ဆုတောင်းမှုများပြုလုပ်လျက်ရှိကြသည်။

ထိုင်းဘုရင်သည် ထိုင်းပြည်သူများအား ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ရန်နှင့် ကျေးလက်ဒေသများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့ပြင် နိုင်ငံရေးအကျပ်အတည်းနှင့်ရင်ဆိုင်နေရစဉ် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့သည်။

ဘန်ကောက်မြို့ဆေးရုံရှေ့တွင် ထိုင်းဘုရင်ဓာတ်ပုံကို လက်မှကိုင်ကာ ဘုရင်ကြီးနေပြန်ကောင်းလာရေးအတွက် ဆုတောင်းနေသော အမျိုးသမီးတစ်ဦးက ဘုရင်ကြီးအား နေပြန်ကောင်းစေချင်ကြောင်းနှင့် ထိုင်းနိုင်ငံ၏ ဖခင်ကြီးအဖြစ် ဆက်လက်လုပ်ဆောင်စေချင်ကြောင်း သူ၏ခံစားချက်ကို ဖွင့်ဟပြောဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## အာဖဂန်အစိုးရတပ်ဖွဲ့များက ကန်ဒုဇ်မြို့ကို ပြန်လည်သိမ်းပိုက်

**ကဘူး အောက်တိုဘာ ၁၂**

အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များသည် တာလီဘန်စစ်သွေးကြွများနှင့်ရက်အတန်ကြာ ပြင်းထန်စွာတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် တာလီဘန်အဖွဲ့ ထိန်းချုပ်ထားသောကန်ဒုဇ်မြို့ကို အောက်တိုဘာ ၁၂ ရက်တွင်ပြန်လည်သိမ်းပိုက်လိုက်ကြောင်း၊ တာလီဘန်စစ်သွေးကြွများသည် ၎င်းတို့၏အခြေစိုက်စခန်းဟောင်းများသို့ ဆုတ်ခွာထွက်ပြေးသွားကြကြောင်း အာဖဂန်ရဲတပ်ဖွဲ့အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တိုက်ပွဲများဖြစ်ပွားအပြီးတွင် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များက ကန်ဒုဇ်မြို့တစ်မြို့လုံးကိုပြန်လည်ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ တာလီဘန်စစ်သွေးကြွများသေကျေထိခိုက်မှုများပြားကြောင်း၊ ရန်သူ့အလောင်းအရေအတွက်များစွာကို တွေ့ရှိရကြောင်း အာဖဂန်ရဲအရာရှိ၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

တာလီဘန်လက်နက်ကိုင်များသည် အောက်တိုဘာ ၃ ရက်တွင် ကန်ဒုဇ်မြို့၏အချက်အချာကျသော အစိတ်အပိုင်းများကို ဝင်ရောက်သိမ်းယူခဲ့ပြီး အာဖဂန်အစိုးရတပ်ဖွဲ့များက တန်ပြန်ထိုးစစ်ဆင်ရန် ကြိုးပမ်းခဲ့သည်။

ကန်ဒုဇ်မြို့၌ အာဖဂန်အစိုးရတပ်ဖွဲ့၏ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် တာလီဘန်စစ်သွေးကြွ ၂၀၀ ကျော်သေဆုံးပြီး ဒဏ်ရာရရှိသူ ၃၀၀ ကျော်ရှိကြောင်း အာဖဂန်အစိုးရတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ကန်ဒုဇ်မြို့အား ပြန်လည်သိမ်းယူနိုင်ရေးအတွက် အာဖဂန်တပ်ဖွဲ့များက ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင် ၂၀ သေဆုံးရပြီး ၄၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အစိုးရတာဝန်ရှိသူက ပြောကြားသည်။

ကန်ဒုဇ်မြို့အခြေအနေနှင့်ပတ်သက်၍ တာလီဘန်စစ်သွေးကြွအဖွဲ့က တုံ့ပြန်ပြောကြားခြင်းမရှိပေ။

**ဆင်ဟွာ။**

## အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ကုန်သွယ်ရေးကိစ္စရပ်များ ဩစတြေးလျပါလီမန်တွင် စင်ကာပူဝန်ကြီးချုပ်ပြော

**ကင်ဘာရာ အောက်တိုဘာ ၁၂**

စင်ကာပူနှင့်ဩစတြေးလျနိုင်ငံတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းကဲ့သို့ အရေးကြီးသောကိစ္စရပ်များနှင့်ပတ်သက်၍ မဟာဗျူဟာမြောက်ဦးစားပေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျပါလီမန်တွင် စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

စင်ကာပူနှင့်ဩစတြေးလျနိုင်ငံတို့မှ လုံခြုံရေးအေဂျင်စီများသည် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းများအကောင်အထည်ဖော်ရေး၊ ဘာသာရေးအစွန်းရောက်မှုမှ ကာကွယ်ရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့ရှိ ပါလီမန်၌ မိန့်ခွန်းပြောကြားရာတွင် စင်ကာပူဝန်ကြီးချုပ်က အလေးအနက်ပြုဖော်ပြသည်။

ယခုနှစ်အစောပိုင်းက စင်ကာပူနှင့်ဩစတြေးလျအစိုးရအဖွဲ့တို့ ရရှိခဲ့သော သဘောတူညီချက်အရ စင်ကာပူတပ်ဖွဲ့ဝင် ၁၄၀၀၀ ကို ဩစတြေးလျနိုင်ငံ၌ လေ့ကျင့်သင်တန်းပေးမည်ဖြစ်သည်။

စင်ကာပူနှင့်ဩစတြေးလျနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်နှင့်ပတ်သက်၍ ပြန်လည်မွမ်းမံပြင်ဆင်မှုများပြုလုပ်ခဲ့သည်။

စင်ကာပူဝန်ကြီးချုပ်သည် ဒေသဆိုင်ရာလုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း ဩစတြေးလျပါလီမန်တွင် ရှင်းလင်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်လီသည် ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ သုံးရက်ကြာ နေထိုင်စဉ်အတွင်း ကုန်သွယ်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးရန် စီစဉ်ထားသည်။

**ဆင်ဟွာ။**






## ဖိလစ်ပိုင်၌ မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သောသတ်ဖြတ်မှုများအတွက် ကုလအထူးအစီရင်ခံစာရေးသားသူ စုံစမ်းရန်ဖိတ်ခေါ်

**မနီလာ အောက်တိုဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံအတွင်း မူးယစ်ဆေးဝါးနှင့်ဆက်နွယ်နေသော သတ်ဖြတ်မှုဖြစ်ရပ်များ အများအပြားဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာရေးသားသူအက်နက်ကယ်လာမတ်အားလာရောက်စုံစမ်းစစ်ဆေးပေးရန် အစိုးရက ဖိတ်ခေါ်ထားကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

မိမိတို့နိုင်ငံအတွင်း မူးယစ်ဆေးဝါးဆိုင်ရာ သတ်ဖြတ်မှုများဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာရေးသားသူ ကယ်လာမတ်အား လာရောက်စုံစမ်းလေ့လာရန် သမ္မတရုံးက ဖိတ်ခေါ်ထားကြောင်း၊ ၎င်းထံမှ တုံ့ပြန်မှုကို မိမိတို့စောင့်ဆိုင်းနေကြောင်း ဖိလစ်ပိုင်သမ္မတရုံးဝန်ကြီး ဆယ်လ်ဗာဒိုမာဒယ်ဒီယာက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးများဆောင်ရွက်စဉ် နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကြရသော တရားဥပဒေစိုးမိုးရေး ရဲတပ်ဖွဲ့ဝင်များ၏ ဖြစ်ရပ်များနှင့် ပတ်သက်၍လည်း လေ့လာရန် ကုလသမဂ္ဂလူ့အခွင့်အရေး အစီရင်ခံစာရေးသားသူအား တိုက်တွန်းထားကြောင်း မာဒယ်ဒီယာက ပြောကြားသည်။

**ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

# ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘာ့တ် ကိုအင်ဒါးစ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး၊ လက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာ စတီဖန် အိုဘရိုင်ယင်နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးကိစ္စရပ်များတွင် အကူအညီပေးရေး၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူ ဒုတိယသမ္မတသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘာ့တ် ကိုအင်ဒါးစ်နှင့်အဖွဲ့အား နံနက် ၁၁ နာရီခွဲတွင် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘက်စုံရေအရင်းအမြစ် အသုံးချရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍများတွင် မြန်မာနှင့် နယ်သာလန်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဝေါက်တာဂျာဂင်စ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (၁) ဦးကျော်စွာစိုး<br>အမြဲတမ်းအတွင်းဝန်<br>(သိပ္ပံနည်းပညာ)<br>တာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မန္တလေး)<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာဒေါ်ဝင်းအေး<br>ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မန္တလေး)<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြန်မာသတင်းအချက်အလက်နှင့်<br>နည်းပညာတက္ကသိုလ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# မျက်မမြင်လမ်းလျှောက်ပွဲနေ့တွင် ခေတ္တလမ်းပိတ်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day)အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား(၂၅)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲကျင်းပမည့် လမ်းတစ်လျှောက်ဖြစ်သည့် ဆူးလေဘုရားလမ်း(ဆူးလေဘုရားအဝိုင်းမှ ကုန်သည်လမ်းကြား)၊ ကုန်သည်လမ်း (ဆူးလေဘုရားလမ်းမှ ရွှေတိဂုံဘုရားလမ်းကြား)၊ ကမ်းနားလမ်း(ရွှေတိဂုံဘုရားလမ်းမှ ဘုန်းကြီးလမ်းကြား)၊ ဘုန်းကြီးလမ်း (ကမ်းနားလမ်းမှ မဟာဗန္ဓုလလမ်းကြား)နှင့် မဟာဗန္ဓုလလမ်း (ဘုန်းကြီးလမ်းမှ မြို့တော်ခန်းမရှေ့အထိ) လမ်းများအား လမ်းလျှောက်ပွဲကျင်းပမည့် နံနက် ၅ နာရီခွဲမှ ၇ နာရီခွဲအထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တည်းခိုမည့်နေရာနှင့် ပြိုင်ပွဲကျင်းပမည့်နေရာများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၂**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တည်းခိုမည့်နေရာနှင့် ပြိုင်ပွဲကျင်းပမည့် နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တည်းခိုနေထိုင်မည့် ရွာတော်စခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက အိပ်ဆောင်များတွင် နေရာချထားမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားမှု၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားမှု၊ ပြိုင်ပွဲဝင်များအား သတ်မှတ်နေရာများသို့ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ထားမှု၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တည်းခိုရေးစခန်းအတွင်း ပြိုင်ပွဲဝင်များအတွက် ဆောင်ရွက်ထားရှိသည့် ဆေးခန်းနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေသို့ ရောက်ရှိပြီး အဆို၊ အက၊ အတီး ပြိုင်ပွဲများကျင်းပမည့် နေရာများ၌ ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ပြိုင်ပွဲဝင်များ ဝမ်းလျှောဝမ်းပျက်မှုမဖြစ်စေရန် အစားအသောက်များ စစ်ဆေးခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊ ပြိုင်ပွဲကာလအတွင်း လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်၊ ကြိုဆိုရေးနှင့် ပို့ဆောင်ရေးကဏ္ဍတွင် ပြိုင်ပွဲဝင်များအား သတ်မှတ်နေရာများသို့ အချိန်မီ ပို့ဆောင်နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

၂၀၁၆ ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီးတွင် အောက်တိုဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❑

# မြေငှားဂရန် ထုတ်ပေး

**သီပေါ အောက်တိုဘာ ၁၂**


ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီခွဲက မြေငှားဂရန်ပေးအပ်ပွဲကျင်းပရာ ကျောက်မဲခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက အမှာစကားပြောကြားပြီး သီပေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြေငှားဂရန်ရရှိသူ ဒေသခံတိုင်းရင်းသား ၄၈ ဦးတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်နှင့် တာဝန်ရှိသူများက မြေငှားဂရန်စာချုပ်များအား တစ်ဦးချင်းပေးအပ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဗုဒ္ဓခြေတော်ရာရဲ့နောက်က နင်းလျှောက်ကြခြင်း

## ကျော်ရင်မြင့်



မြတ်စွာဘုရားရှင်က ပဉ္စဝဂ္ဂီ ငါးဦးကို တရားဦး ဟောတော်မူရာ မိဂဒါဝုန်ဧရိယာမှာ လူတန်းရှည်ကြီး တစ်တန်း လျှောက်လှမ်းလာနေတာ တွေ့ရပါမယ်။

လူတန်းရှည်ကြီးကို ဦးဆောင်လျှောက်လှမ်းလာတာကတော့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေပါ။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးဆိုပေမယ့် ထေရဝါဒ၊ မဟာယာန၊ ဇင် စသဖြင့် ကမ္ဘာ့ဒေသပေါင်းစုံက ဂိုဏ်းပေါင်းစုံ အတူတူ ပါဝင်ကြတာဖြစ်လို့ အသွင်သဏ္ဌာန်ချင်းကတော့ ခြားနားပါတယ်။ ပိန္နဲဆိုးရောင်သင်္ကန်းညိုညိုကို ရုံထားတာက မြန်မာနိုင်ငံက ကြွရောက်လာတဲ့ နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ဦးဆောင်တဲ့ ထေရဝါဒ သံဃာတော်တွေဖြစ်ပါတယ်။ ခဲသားရောင် ဘောင်းဘီပွပွ၊ သင်တိုင်းဝတ်ရုံဖားဖားကို ဆင်မြန်းပြီး ဦးထုပ်ဆောင်းထားသူကတော့ ကိုရီးယားနိုင်ငံက ကြွရောက်လာတဲ့ မဟာနာယက Most Ven. Seo Euinyum ဖြစ်ပါတယ်။ ဦးခေါင်းထက်မှာ ဆံပင်မည်းမည်း လက်တစ်လုံးစာလောက်ရှိပြီး အညိုရောင်သင်္ကန်းကိုဆင်မြန်းကာ ရင်ဘတ်မှာ အဝါရောင်သင်္ကန်းကိုပတ်ပြီး စည်းထားတာက တိဘက်သံဃာတော်တွေဖြစ်တယ်။ ယောဂီညိုရောင်ဝတ်ရုံကို ဆင်မြန်းထားတာက အမေရိကန်က ကြွလာတဲ့ သံဃာတော်တွေဖြစ်တယ်။ ထိုင်း၊ ကမ္ဘောဒီးယား၊ ဂျပန်၊ ရုရှား စတဲ့ နိုင်ငံပေါင်း ၃၉ နိုင်ငံက သံဃာတော်တွေ၊ လူပရိသတ်တွေဟာ ယခုတော့ မိဂဒါဝုန်မှာ စုဆုံနေကြပါပြီ။

အိန္ဒိယနိုင်ငံတော်အစိုးရ ခရီးသွားလာရေးဝန်ကြီးဌာနက စီစဉ်ကျင်းပတဲ့ ပဉ္စမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံဖြစ်ပါတယ်။ ဒီညီလာခံကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ နယူးဒေလီ၊ ဗာရာဏသီ(မိဂဒါဝုန်)၊ ရာဇဂြိုဟ်၊ ဗုဒ္ဓဂယာတို့မှာ ခမ်းခမ်းနားနား ကျင်းပပါတယ်။ နိုင်ငံပေါင်း ၄၀ လောက်မှ ဆရာတော် သံဃာတော်တွေ၊ ပညာရှင်တွေ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူတွေ၊ သတင်းမီဒီယာသမားတွေ တက်ရောက်ကြတယ်။ နယူးဒေလီမှာ ဖွင့်ပွဲကျင်းပတယ်။ ပြီးတော့ ဝန်ကြီးတွေအပါအဝင် အခမ်းအနားတက်ရောက်သူတွေက တစ်မြို့ပြီးတစ်မြို့ အတူတကွ လိုက်ပါလာကြပြီး ဆွေးနွေးဟောပြောတာ၊ ကြည့်ရှုလေ့လာတာတွေ လုပ်ကြပါတယ်။

ဗာရာဏသီက Sarnath (သမင်တွေ နေတဲ့တော) လို့ခေါ်တဲ့ မိဂဒါဝုန်မှာတော့ အခမ်းအနားအစီအစဉ်တွေထဲမှာ ဗုဒ္ဓခြေတော်ရာရဲ့နောက်က နင်းလျှောက်ကြခြင်းဆိုတဲ့ အစီအစဉ်လည်း ပါဝင်ပါတယ်။ ဒီအစီအစဉ်နဲ့ပတ်သက်ပြီး Mr. Shantum Seth က အစီအစဉ်မစခင်မှာ ပါဝင်မယ့်သူတွေကို ရှင်းလင်းပြောပြတယ်။

ဒီမြေ ဒီနေရာမှာ ဗုဒ္ဓမြတ်စွာက ပဉ္စဝဂ္ဂီ ငါးဦးကို ဓမ္မစကြာတရားဦး ဟောတော်မူခဲ့တယ်။ ပဉ္စဝဂ္ဂီငါးဦးတို့ ရဟန္တာဖြစ်တဲ့မြေလည်းဖြစ်တယ်။ တစ်နည်းအားဖြင့် သာသနာတော်မှာ သံဃာစတင်ပေါ်ထွန်းရာ မြင့်မြတ်တဲ့မြေလည်းဖြစ်တယ်။ ပဉ္စဝဂ္ဂီငါးဦး ရဟန္တာဖြစ်ပြီးနောက် ဗာရာဏသီသူဌေးနဲ့ သုဇာတာတို့ရဲ့သား ယသ သတို့သားနဲ့ အပေါင်းအဖော်များ တရားနာရပြီး အကျွတ်တရားရကြရာမြေလည်းဖြစ်တယ်။ မြတ်စွာဘုရားရှင်က မိဂဒါဝုန်မှာ သုတ္တန်အမြောက်အမြားကို ဟောကြားခဲ့တာကြောင့် မကြာခဏ လာရောက်သီတင်းသုံးခဲ့တယ်။ နန္ဒိယ သူကြွယ်ဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းတော်ကြီးလည်း ဒီမိဂဒါဝုန်မှာ ရှိခဲ့တယ်။ ဒါကြောင့် မိဂဒါဝုန်မြေအနှံ့မှာ ဗုဒ္ဓလျှောက်လှမ်းတော်မူခဲ့ဖူးတယ်။ နေရာတိုင်းမှာ ဗုဒ္ဓရဲ့ ခြေတော်ရာတွေ ရှိခဲ့ဖူးတယ်။ ဒီခြေတော်ရာတွေနောက်ကို နင်းလျှောက်ရင်း ဗုဒ္ဓရဲ့လမ်းစဉ်ကို လိုက်ပါကြမယ်လို့ Mr. Shantum Seth က ပြောတယ်။

ပြီးတော့ သမင် ဥယျာဉ်အနီးက မြတ်စွာဘုရား အနတ္တလက္ခဏသုတ် ဟောတော်မူခဲ့တဲ့နေရာမှာ အထိမ်းအမှတ်အဖြစ်တည်ထားတဲ့ ဓမ္မေခစေတီတော်(Dhamekh Stupa) ကို သုံးပတ်ပတ်ပြီး စတင်လျှောက်လှမ်းကြပါတယ်။ လျှောက်လှမ်းရင်း နိုင်ငံတိုင်း၊ ဗုဒ္ဓဘာသာ ဂိုဏ်းတိုင်း တူညီစွာ ရွတ်ဆိုကြတဲ့ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ကို ပြိုင်တူရွတ်ဆိုရင်း လျှောက်လှမ်းတယ်။ ပြီးတော့ ဓမ္မစကြာပါဠိတော်ကို ရွတ်ဆိုပူဇော် လျှောက်လှမ်းကြပါတယ်။ ဗုဒ္ဓဘာသာဟာ နှစ်ကာလပေါင်းထောင်ချီပြီး ကြာမြင့်လာချိန်မှာ ဂိုဏ်းအမျိုးမျိုး ကွဲပြားသွားကြပေမယ့် အိန္ဒိယနိုင်ငံက ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံမှာ မတူကွဲပြားတဲ့ ဂိုဏ်းပေါင်းစုံ စုဆုံကြတဲ့အခါ အချင်းချင်း ရင်းနှီးလေးစားကြတာ တွေ့ရတယ်။ ဂိုဏ်းတိုင်းမှာ တူညီစွာ ရှိနေတဲ့ ပါဠိတော်တွေကိုလည်း ညီညီညာညာ ရွတ်ဖတ်ပူဇော်ကြတာ ကြည်ညိုစရာ အလွန်ကောင်းပါတယ်။



> အရင်ကတော့ တစ်ဦးနဲ့တစ်ဦး မတွေ့မမြင်ဖူးဘဲနဲ့ မဟာယာနက ဘယ်လို၊ ထေရဝါဒက ဘယ်ပုံ တစ်ဦးနဲ့တစ်ဦး မမြင်ဘဲနဲ့ စောင်းနေခဲ့ကြတာ။ အခြားမတူချင်နေ မဂ္ဂင်ရှစ်ပါးကတော့ တူကြတာပဲ။ ဝိနည်းပိုင်းဆိုင်ရာက တူချင်မှတူမယ်။ နိဗ္ဗာန်သွားမယ့်လမ်းကြောင်းက တူတာပဲ။ ကမ္ဘာကို ကိုယ့်နည်း၊ သူ့နည်းနဲ့ ဗုဒ္ဓဘာသာပြန့်ပွားစေမယ်။ အလွန်ငြိမ်းချမ်းတဲ့တရားဖြစ်လို့ ဒါပျံ့နှံ့သွားရင် ကမ္ဘာကြီးငြိမ်းချမ်းဖို့ အထောက်အပံ့ဖြစ်ပါလိမ့်မယ်

မြန်မာနိုင်ငံက ကြွရောက်လာတဲ့ သံဃာတော်အားလုံးဟာ ပိန္နဲဆိုးအညိုရောင်သင်္ကန်းကိုဆင်မြန်းပြီး အချိန်ပြည့်ဝတ်ရုံကာ ဣန္ဒြေကို စောင့်စည်းသီတင်းသုံးနေထိုင်ကြတာ ဖူးတွေ့ရပါတယ်။ ညီလာခံကျင်းပချိန်မှာ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ရဲ့ ရာသီဥတုက အလွန်ပူပြင်းပါတယ်။ စာရေးသူနဲ့ နှစ်ကာလရှည်ကြာစွာကတည်းက ရင်းနှီးကာ ဆရာ ဒါယကာဖြစ်နေတဲ့ သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တပညာဝံသကို "သင်္ကန်းကြီး ရုံထားရတာ မပူအိုက်ဘူးလားဘုရား"လို့ မေးလျှောက်ပါတယ်။

"ဒီညီလာခံမှာ နိုင်ငံပေါင်းစုံက ဂိုဏ်းပေါင်းစုံ သံဃာတော်တွေ ကြွလာကြတယ်။ ဘုန်းကြီးတို့ မြန်မာနိုင်ငံက ထေရဝါဒသံဃာတော်တွေဟာ အများအမြင်မှာ အနေအထိုင် ကြည်ညိုဖွယ်ဖြစ်ရမယ်"လို့ ပြန်လည်မိန့်ကြားပါတယ်။ စာရေးသူအကဲခတ်ကြည့်တဲ့အခါ စာရေးသူရဲ့ ပေတံအရ မြန်မာနိုင်ငံက သံဃာတော်တွေဟာ အနေအထိုင် ကြည်ညိုဖွယ်ဖြစ်သလို ဝိနည်းတော်ကိုလည်း လေးစားလိုက်နာကြတာ ဖူးမြင်ရတယ်။ အိန္ဒိယနိုင်ငံရဲ့ ဒေသအနှံ့ကို လေယာဉ်၊ ကားနဲ့ သွားရောက်ကြရာမှာ အကြောင်းအမျိုးမျိုးကြောင့် အချိန်မီမရောက်ဘဲ မွန်းလွဲသွားတာမျိုးလည်း ကြုံရပါတယ်။ မြန်မာနိုင်ငံက ကြွရောက်ချီးမြှင့်တော်မူကြတဲ့ ဆရာတော်၊ သံဃာတော်အားလုံးဟာ နေ့လွဲညစာ ဘုဉ်းမပေးဘဲ သည်းခံပြီးနေတော်မူကြတာကို တစ်ကြိမ်မက တွေ့မြင်ရပါတယ်။ ဒါကြောင့် "ကြွရောက်လာကြတဲ့ နိုင်ငံပေါင်းစုံ၊ ဂိုဏ်းပေါင်းစုံက သံဃာတော်တွေထဲမှာ မြန်မာနိုင်ငံက သံဃာတော်တွေဟာ တပည့်တော်အမြင်မှာ လေးစားကြည်ညိုစရာ အကောင်းဆုံးတွေ့ရပါတယ်ဘုရား" လို့ မဟာနာယက အကျိုးတော်ဆောင်ချုပ် ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာဘိဝံသကို စာရေးသူက လျှောက်ထားမိပါတယ်။ နိုင်ငံတကာမှာ အခြားသူတွေနဲ့ ယှဉ်လိုက်တဲ့အခါ မြန်မာသံဃာတော်တွေက ပိုပြီး လေးစားကြည်ညိုစရာကောင်းနေတာ တွေ့ရပါတယ်။

ဓမ္မေခစေတီတော်ကို သုံးပတ်ပတ် လျှောက်လှမ်းကြပြီးနောက်မှာ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူခဲ့ရာနေရာအထိမ်းအမှတ် ဓမ္မရာဇိကစေတီတော်နေရာကို ဦးတည်လျှောက်လှမ်းကြပါတယ်။ နန္ဒိယကျောင်းတော်ရာ၊ အသောကကျောက်တိုင်တို့ကို အတူတကွ ဆက်လက်ပြီးလျှောက်လှမ်းကြတယ်။ ဗုဒ္ဓရဲ့ ခြေတော်ရာနောက်ကို အတူတူနင်းလျှောက်ကြရင်း ဂိုဏ်းမတူ၊ နိုင်ငံမတူ၊ လူမျိုးမတူတဲ့ သံဃာတော်တွေ အချင်းချင်း စကားစမြည်ပြောကြ၊ သူ့အမြင် ကိုယ့်အတွေး ဆွေးနွေးကြတာ တွေ့ရပါတယ်။

ပြီးနောက်တော့ မိဂဒါဝုန်ပြတိုက်( Saranath Museum) အတွင်းကို ဝင်ရောက်ကြပြီး မြတ်စွာဘုရားရှင်က ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောဟန် သဲကျောက်ကို ထွင်းထုထားတဲ့ ရှေးဟောင်းပုံတော်ရှေ့မှာ ဝိပဿနာတရား အတူတူထိုင်ကြပါတယ်။

နိုင်ငံတကာက ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံက သံဃာတော်တွေ၊ ကိုးကွယ်ကြည်ညိုကြတဲ့လူတွေ ကြမ်းတစ်ပြေးတည်း အတူထိုင်ပြီး ဝိပဿနာရှုမှတ်နေချိန်မှာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ကို တိုးတိုးညင်သာစွာ အသံသွင်းထားတာ ဖွင့်ပေးထားပါတယ်။ ဝိပဿနာတရားကို အတူတူ ရှုမှတ်ကြပြီးနောက်မှာ ဗုဒ္ဓခြေတော်ရာရဲ့နောက်က နင်းလျှောက်ကြခြင်းအခမ်းအနား ပြီးဆုံးပါတယ်။

ယခုလို တွေ့ဆုံကြရတာနဲ့ ပတ်သက်ပြီး Maharbodhi Society of India ရဲ့ အထွေထွေအတွင်းရေးမှူးချုပ် ဆရာတော် Bhante Seewalee က "ဗုဒ္ဓဘာသာဟာ အိန္ဒိယနဲ့သာ သက်ဆိုင်တဲ့ ဘာသာတရားမဟုတ်ဘူး။ တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ ဘာသာတရားပါ။ ဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံ နိုင်ငံပေါင်းစုံက ဗုဒ္ဓဘာသာဝင်တွေ မြင့်မြတ်တဲ့မြေမှာ ယခုဆုံတွေ့ကြရတယ်။ ဒါဟာ အင်မတန်ထူးခြားတဲ့ ထူးခြားမှုဖြစ်ပါတယ်"လို့ ဆိုတယ်။

မြန်မာနိုင်ငံက ကြွရောက်လာတဲ့ မဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တပညာဝံသက "သံဃာဂိုဏ်းပေါင်းစုံ တွေ့ရ၊ သိကြရ၊ အမြင်ချင်းဖလှယ်ကြရတယ်။ ကားတစ်စီးတည်း အတူတူသွားကြ စကားစမြည်ပြောရတယ်။ ခင်မင်ရင်းနှီးရတယ်။ သီးသန့်ကိုယ့်ဟာကိုယ်တွေဖို့ မလွယ်ကြဘူး။ ဘုရားတစ်ဆူတည်းရဲ့ သာဝကတွေ တပည့်တွေ တစ်နေရာတည်း၊ ထူးခြားတဲ့နေရာမှာ တွေ့ရတာ ကောင်းပါတယ်"လို့ မိန့်တယ်။

မြန်မာနိုင်ငံ ထေရဝါဒတက္ကသိုလ်က ကထိက ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ စန္ဒမုခက အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ညီလာခံ ကျင်းပတာနဲ့ပတ်သက်ပြီး "တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း အသွင်သဏ္ဌာန်တွေ၊ အကျင့်ပိုင်းတွေ ကွဲပြားသွားကြပြီ။ ဒါပေမယ့် ဗုဒ္ဓရဲ့ အရိပ်အောက်မှာပဲ နေကြသူချင်းတူတဲ့အတွက်ကြောင့် ဗုဒ္ဓဘာသာ အချင်းချင်းဖြစ်လို့ နားလည်နိုင်စွမ်းတွေ ပိုလာမယ်။ အရင်ကတော့ တစ်ဦးနဲ့တစ်ဦး မတွေ့မမြင်ဖူးဘဲနဲ့ မဟာယာနက ဘယ်လို၊ ထေရဝါဒက ဘယ်ပုံ တစ်ဦးနဲ့တစ်ဦး မမြင်ဘဲနဲ့ စောင်းနေခဲ့ကြတာ။ အခြားမတူချင်နေ မဂ္ဂင်ရှစ်ပါးကတော့ တူကြတာပဲ။ ဝိနည်းပိုင်းဆိုင်ရာက တူချင်မှတူမယ်။ နိဗ္ဗာန်သွားမယ့်လမ်းကြောင်းက တူတာပဲ။ ကမ္ဘာကို ကိုယ့်နည်း၊ သူ့နည်းနဲ့ ဗုဒ္ဓဘာသာပြန့်ပွားစေမယ်။ အလွန်ငြိမ်းချမ်းတဲ့ တရားဖြစ်လို့ ဒါပျံ့နှံ့သွားရင် ကမ္ဘာကြီးငြိမ်းချမ်းဖို့ အထောက်အပံ့ဖြစ်ပါလိမ့်မယ်" ဆိုပြီး မိန့်ကြားပါတယ်။

အိန္ဒိယနိုင်ငံမှာ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံဟာ မတူကွဲပြားတဲ့သူအချင်းချင်း သိနားလည်မှုပိုလာစေပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ အထောက်အပံ့ဖြစ်စေနိုင်တာ တွေ့ရပါတယ်။ ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နိုင်ငံခြားဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ၊ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးရာနှင့် ဥရောပရေးရာဝန်ကြီး၊ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ယနေ့တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ဩစတြီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Dr. Michael Linhart နှင့်ယနေ့ နံနက် ၁၁ နာရီတွင် တွေ့ဆုံစဉ်**(အောက်ပုံ)** နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးရာနှင့် ဥရောပရေးရာဝန်ကြီး H.E.Mr. Jean Asselborn နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး Mr. Bert Koenders နှင့်ယနေ့ ညနေ ၃ နာရီတွင် တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**





အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Jean Asselborn အား လက်ခံတွေ့ဆုံစဉ်။

## နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Jean Asselborn အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မှန်ကန်သည့် ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကိုမှန်ကန်စွာတင်ပြရန်လိုအပ်ကြောင်းဥက္ကဋ္ဌမှာကြား

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များကို အောက်တိုဘာ ၁၁ ရက်က ထုတ်ပြန်ခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းများကိုလည်း ကွင်းဆင်းကောက်ယူတော့မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၉) နေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၃) နေရာနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် (၆) နေရာရှိကြောင်း သိရသည်။

လာမည့် ဧပြီလတွင် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် ရွေးကောက်ပွဲအရာရှိများသည် ပြီးခဲ့သည့် အောက်တိုဘာ ၁၀ ရက်က တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲခုံရုံးကိစ္စများ အမြန်ပြီးပြတ်ရေး ဆောင်ရွက်နေရသဖြင့် ယခုမှသာတွေ့ဆုံနိုင်ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို တရားမျှတစွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို မှန်ကန်စွာတင်ပြရန်လိုအပ်ကြောင်းနှင့် သို့မှသာ ကော်မရှင်အနေဖြင့် မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်(၁၉/၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်**
**(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)**
**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၉၉) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**သည် ယင်းပါတီ၏ အမည်ကို **ပြည်ထောင်စုလယ်သမားအလုပ်သမား အင်အားစုပါတီ** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ** အား ၁၁-၁၀-၂၀၁၆ ရက်နေ့မှစ၍ **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ**အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည် အခမ်းအနားကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC (1) ၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီ တွင် ကျင်းပမည်ဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့ပြီး ကရင်အမျိုးသား အစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြုကရင်အမျိုးသား တပ်မတော် (DKBA)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော်တောင်ပိုင်း (RCSS/SSA-S)တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြရာ လာမည့်အောက်တိုဘာ ၁၅ ရက်တွင် တစ်နှစ်ပြည့်မြောက်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား - MRTVမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအနေဖြင့် သတင်းရယူနိုင်ရေး ဝင်/ထွက်ခွင့် ကတ်များ အချိန်မီထုတ်ယူနိုင်ရန် ပြည်တွင်း သတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့လည်းကောင်း၊ ပြည်ပမီဒီယာများအနေဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသို့လည်းကောင်း အောက်တိုဘာ ၁၃ ရက် နံနက် ၈ နာရီ နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## စာနယ်ဇင်းသမားများအား ဂုဏ်ပြု

**လားရှိုး အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်ဒုတိယရဲတပ်ဖွဲ့ (လားရှိုး) နယ်မြေအတွင်းရှိ စာနယ်ဇင်း မီဒီယာများအား ဂုဏ်ပြုခြင်းအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက ယင်းရဲတပ်ဖွဲ့ရုံး၏ ရဲရန်အောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ကြိုတင်ကာကွယ်မှုများဆောင်ရွက်ချက်သတင်းအမှန်အား ပြည်သူသိရှိအောင် လူမှုကွန်ရက်များနှင့် သတင်းစာစောင်များတွင် အချိန်နှင့်တစ်ပြေးညီမှတ်တမ်းတင်ဖော်ပြဆောင်ရွက်နိုင်ခဲ့သည့် စာနယ်ဇင်း မီဒီယာများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အမှတ်တရလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ **ဇာဏီအောင်(လားရှိုး)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## ပြင်ဆင်သိမှတ်ပေးပါရန်

အောက်တိုဘာ ၁၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၇ ကော်လံ ၃ အပိုဒ် ၂ စာကြောင်းရေ ၁ တွင်ပါရှိသော စစ်တွေမြို့ မြို့မိမြို့ဖအဖွဲ့ဝင်၊ မြို့နယ်စာရေးဆရာအဖွဲ့ဝင် မိုးယံစိုးဝင်း (အစား) ဂေါယာမြေစောဝင်း ဟုလည်းကောင်း၊ ကော်လံ ၁ အပေါ်ပုံပါ ပုံစာတွင် စစ်တွေမြို့ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးမောင်သာစိန် (အစား) ဂေါယာမြေ စောဝင်း ဟုလည်းကောင်း၊ ဒုတိယပုံစာတွင် မြို့နယ်စာရေးဆရာအဖွဲ့ဝင် မိုးယံစိုးဝင်း (အစား) စစ်တွေမြို့မှ မြို့မိမြို့ဖ အဖွဲ့ဝင် ဦးသန်းရွှေဟုလည်းကောင်း ပြင်ဆင်သိမှတ်ပါရန်။ **(သတင်းစဉ်)**

# တပ်မတော်အနေဖြင့် နိုင်ငံသားများကို ကာကွယ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများသည် နံပါတ်တစ်ဦးစားပေးဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၂**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bert Koenders အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧည့်သည်တော်ဝန်ကြီးက ယခုခရီးစဉ်တွင် ရခိုင်ဒေသသို့ သွားရောက်ခဲ့မှု၊ ရခိုင်ဒေသ၏ ပဋိပက္ခကြီးမားမှုအခြေအနေ၊ မတူညီသည့် လူမှုအသိုက်အဝန်းနှစ်ခုအား ပေါင်းစပ်ရန်ခက်ခဲမှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် တပ်မတော်၏သဘောထားအမြင်ကို ဆွေးနွေးမေးမြန်းရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်အရေးကိစ္စများသည် ဘာသာရေးပဋိပက္ခများမဟုတ်ဘဲ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ အရေးကြီးဆုံးမှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံသားများကို ကာကွယ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများသည် နံပါတ်တစ်ဦးစားပေးဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်ပတ်သက်သည်များကိုလည်း နိုင်ငံတကာကျင့်ထုံးများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိနိုင်ငံ ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်စဉ် ဘင်္ဂလားနယ်မှ ခေါ်လာသည့် ဘင်္ဂါလီများ မြန်မာနိုင်ငံ ရခိုင်ဒေသသို့ ရောက်ရှိပြီး မပြန်တော့ခြင်းမှ ဒေသခံများနှင့် ပဋိပက္ခစတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့သည် မြန်မာနိုင်ငံ ဓလေ့ထုံးစံများကို လိုက်နာခြင်းမရှိသဖြင့် ဒေသခံရခိုင်တိုင်းရင်းသားများက လက်မခံနိုင်ကြောင်း၊ ၎င်းဘင်္ဂါလီများအနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေအရ စစ်ဆေးမှုကိုမခံယူကြောင်း၊ အရေးကြီးဆုံးမှာ ဥပဒေနှင့်အညီ စစ်ဆေးမှုကို ခံယူခြင်း၊ ဥပဒေနှင့် ညီညွတ်သူများကို ရသင့်ရထိုက်သည့် အခွင့်အရေးများပေးခြင်း၊ ဥပဒေနှင့်မကိုက်ညီသည်များကိုလည်း UNHCR ၏ အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်မှုများအား အကောင်းဆုံးကူညီလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**



နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Bert Koenders



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်



# အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်နှင့် ဒီမိုကရေစီ၏သဘောသဘာဝများကို သိရှိနားလည်မှုရှိရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၂**
ငြိမ်းချမ်းရေးရယူရမည့် အဖွဲ့အစည်းများအနေဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်နှင့် ဒီမိုကရေစီ၏ သဘောသဘာဝများကို သိရှိနားလည်မှုရှိရန် လိုအပ်ကြောင်း၊ အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်ရှိရေးကိုသာ မျှော်မှန်းပါကြောင်း၊ ယင်းစိတ်ရှိပါက မလွဲမသွေအောင်မြင်မှုရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံစဉ် **(အပေါ်ပုံ)**ထည့်သွင်းပြောကြားသည်။


တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် တပ်မတော်မှ ပူးပေါင်းဆောင်ရွက်နေမှု၊ နော်ဝေနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှုနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား စိတ်ရှည်စွာဖြင့် အချိန်ယူလုပ်ဆောင်နေရသည့် အခြေအနေများ၊ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA အပေါ် အခြေခံပြီး ပါဝင်လုပ်ဆောင်ရန်လိုအပ်မှုနှင့် နိုင်ငံတကာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်အညီ SSR၊ DDR လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရမည့် အခြေအနေများအပေါ် အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(မြဝတီ)**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အား ချောင်းမြောင်းပစ်ခတ်၊ ဝါးပိတ်ကျေးရွာအား မီးရှို့ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၂**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအနီးရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်မှ အိမ်ထောင်သည်လိုင်းခန်းအား ယနေ့ နံနက် ၁၀ နာရီခန့်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၅ ဦးခန့်က ဌာနချုပ်၏ အရှေ့တောင်ဘက် တောင်ကုန်းမှ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းက ၎င်းနေရာတစ်ဝိုက်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ဝါးပိတ်ကျေးရွာမှတစ်ဆင့် အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသဖြင့် တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းစဉ် ဝါးပိတ်ရွာအနီး ပုန်းခိုနေသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ကျေးရွာအားမီးရှို့ထွက်ပြေးသွားပြီး တပ်မတော်စစ်ကြောင်းက မီးလောင်မှုအား ဝိုင်းဝန်းကူညီငြိမ်းသတ်ပေးခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၂၅ လုံးခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း တပ်မတော်စစ်ကြောင်းများသည် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**




**○ မက်ဆီနှင့် စီရိုနယ်ဒိုမှ**
သီယာဂိုဆေးလ်ဗား၊ တိုက်စစ်မှူးကာဗာနီ၊ ကွင်းလယ်ကစားသမား လမ်းပတ် စသည့် ကစားသမားများ ပါဝင်ခဲ့သော်လည်း အဆိုပါကစားသမားကိုကျော်ဖြတ်ကာ ဂျူဗင်တပ်ဂိုးသမား ဘတ်ဖွန်က ရယူဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်ဂိုးသမား ဘတ်ဖွန်သည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွင်းက ကိုပါအီတာ လီယာဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း အီတလီအသင်းနှင့်အတူ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ရွှေခြေထောက်ဆု ရရှိခဲ့သည့် ကစားသမားများကိုကြည့်မည်ဆိုပါက ယခု ၂၀၁၆ ခုနှစ်တွင် ဘတ်ဖွန်၊ ၂၀၁၅ ခုနှစ်တွင် ဆမ်မျူရယ်အီတူး၊ ၂၀၁၄ ခုနှစ်တွင် အင်နီယေစတာ၊ ၂၀၁၃ ခုနှစ်တွင် ဒရော့ဘာ၊ ၂၀၁၂ ခုနှစ်တွင် အီဘရာဟီမိုဗစ်ချ်၊ ၂၀၁၁ ခုနှစ်တွင် ရိုင်ယန်ဂစ်၊ ၂၀၁၀ ခုနှစ်တွင် တော့တီ၊ ၂၀၀၉ ခုနှစ်တွင် ရော်နယ်ဒင်ဟို၊ ၂၀၀၈ ခုနှစ်တွင် ရောဘတ်တိုကားလို့စ် စသည်ဖြင့် အသီးသီးဆွတ်ခူးရရှိထားကြသည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဂိုးသမား ဘတ်ဖွန်သည် ယခုဆုကို ရရှိခဲ့ခြင်းမှာ အီတလီနိုင်ငံသားကစားသမားတစ်ဦး အနေဖြင့် လေးဦးမြောက်ရရှိခဲ့ခြင်းဖြစ်ပြီး ယခင်က ဘတ်ဂီယို(၂၀၀၃)၊ ဒယ်ပီယာရို(၂၀၀၇)နှင့် တော့တီ(၂၀၁၀) တို့က အသီးသီးဆွတ်ခူးထားကြသည်။ **(ငွေကြယ်)**

## ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

လိုသည်ထက်ပိုမို တုံ့ပြန်ခြင်း မပြုလုပ်ရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်သူများနှင့်အတူရှိပြီး အဆင့်လိုက် ရေတို၊ ရေလတ်၊ ရေရှည် စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခိုင်မာသည့် အစီအစဉ်များကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လတ်တလောတွင် ရာသီဥတုအခြေအနေအရ စုဖွဲ့ပြင်ဆင်နေမှုကို အသင့်အတင့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်အပေါ် သင်ခန်းစာယူပြီး ယခုထက် ပိုမိုကောင်းမွန်သည့် အခြေအနေကို ဖန်တီးသွားမည်ဖြစ်ကြောင်း၊ အသက်ဆုံးရှုံးသွားသည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား ကူညီထောက်ပံ့ပြီး လိုအပ်သည့် အားပေးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မောင်တောမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြူက မောင်တောဒေသ၏ တရားဥပဒေစိုးမိုးရေး အားနည်းနေမှုများ၊ ဌာနေတိုင်းရင်းသားများ၏ စားဝတ်နေရေးဖြေရှင်းပေးရေးနှင့် အသက်အိုးအိမ်လုံခြုံမှုရှိရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လုံခြုံရေးဆိုင်ရာ လိုအပ်သည့်အချက်များကို ဆွေးနွေးတင်ပြသည်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ဦးက ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ကူညီရေး၊ လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးရေး၊ ကျေးရွာနေပြည်သူများ၏ စားဝတ်နေရေးအတွက် ကူညီပေးရေးတို့ကို ဆွေးနွေးတင်ပြသည်။

ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးကျော်ကျော်ဦးက ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ရေး၊ နယ်မြေလုံခြုံရေးအတွက် ဆောင်ရွက်လိုသည်များ၊ ယခုကိစ္စသည် ပုန်ကန်မှုဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသည်။

ဒေသခံပြည်သူ ဦးထွန်းအေးသိန်းက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ကိုင်တွယ်ရာတွင် ပြတ်ပြတ်သားသား လုပ်ဆောင်စေလိုမှု၊ တစ်လင်တစ်မယားဥပဒေကို အပြည့်အဝ အကောင်အထည်ဖော်စေလိုမှု၊ တည်ငြိမ်မှုမရှိပါက ဒေသမဖွံ့ဖြိုး မတိုးတက်နိုင်မှုတို့ကို ဆွေးနွေးတင်ပြသည်။

ဒေသခံ ဦးထွန်းကိုက လုံခြုံရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးစေလိုမှုနှင့် ပြည်သူ့စစ်ဖွဲ့စည်းပြီး လက်နက်များ တပ်ဆင်ပေးစေလိုမှုတို့ကို ဆွေးနွေးတင်ပြသည်။

ဒေသခံ ဦးညိုက စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေး ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်စိုးက ပြည်သူများ၏ စိုးရိမ်ပူပန်မှုကို ကာကွယ်ပေးရန်၊ နယ်မြေလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် မိမိတို့ မောင်တောဒေသသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ နယ်မြေအနှံ့ရှိ ဆရာ ဆရာမများအား လုံခြုံသည့်နေရာတွင် စုစည်းထားပြီး ကယ်ဆယ်ရွှေ့ပြောင်းရေးအတွက် ဆောင်ရွက်နေကြောင်း၊ ကျေးရွာနေပြည်သူများ၏ လတ်တလော စားဝတ်နေရေး အခက်အခဲအတွက် တပ်မတော်အကြီးအကဲများထံ တင်ပြပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏အရေးသည် မိမိတို့၏ အရေးသာဖြစ်သည်ဟုခံယူပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မလိုလားအပ်သည့် ဝါဒဖြန့်ချိမှုများကို မယုံကြည်ရန်နှင့် မိမိတို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက တည်ငြိမ်အေးချမ်းရေးအတွက် မြို့ရွာလုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်ဌာနချုပ်များ လုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်၊ ရဲအင်အားများကို ယခင်ကထက် အင်အားပိုမိုဖြည့်တင်းခြင်း ဆောင်ရွက်နေကြောင်း၊ အင်အားတိုးဖြည့်တင်းရာတွင် ရဟတ်ယာဉ်များကိုပါ အသုံးပြုပြီး ရွှေ့ပြောင်းဆောင်ရွက်နေကြောင်း။

ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မသွားစေရန် ကျေးရွာအဆင့်ထိ လမ်းကြောင်းလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ဝန်ထမ်းများ၏ လုံခြုံရေးကို ဆောင်ရွက်ပေးထားကြောင်း၊ ဝေးလံသော ဒေသရှိ ဝန်ထမ်းများကို လုံခြုံရေးရှိသည့်နေရာသို့ စုစည်းထားကြောင်း၊ ရာသီဥတုကောင်းမွန်ပါက ၎င်းတို့အား ရဟတ်ယာဉ်များဖြင့် သယ်ယူရွှေ့ပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ပါဆုံးသွားသည့် လက်နက်များ ပြန်လည်ရှာဖွေခြင်း၊ သိုဝှက်ထားသည့်လက်နက်များဖော်ထုတ် သိမ်းဆည်းခြင်း ဆောင်ရွက်နေကြောင်း၊ အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများအား ဆက်လက်ဖမ်းဆီးရမိကြောင်း၊ မိမိအနေဖြင့် ကျီးကန်းပြင်တွင် အခြေပြုပြီး အလားတူ ထပ်မံမဖြစ်ပေါ်စေရန် လေ့လာသုံးသပ် ပြုပြင်ဆောင်ရွက်နေကြောင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ပြည်သူ့စစ်ဖွဲ့စည်းရေး၊ လက်နက်တပ်ဆင်ရေးမှာ မူဝါဒဆိုင်ရာ လုပ်ငန်းဖြစ်သည့်အတွက် ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် ဒေသန္တရ ရဲတပ်ဖွဲ့ဝင်များအား ဖိတ်ခေါ်ဖွဲ့စည်းနေသည်ဟု သိရှိရသည့်အတွက် စိတ်ဝင်စားပါက ဒေသန္တရ ရဲတပ်ဖွဲ့သို့ဝင်ရောက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က မိမိတို့ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အတိုင်းအတာတစ်ခုအထိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းက ကွင်းဆင်း ထိတွေ့ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်နေကြောင်း၊ မောင်တောတွင် ၇ ဖွဲ့၊ ဘူးသီးတောင်တွင် ၅ ဖွဲ့ ဖွဲ့စည်းထားရှိကြောင်း၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးအောင်၊ သတင်းအချက်အလက်အမှန်ရရှိအောင် စုစည်းထားခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်လာသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ဝေးလံသောဒေသရှိ အခက်အခဲရှိနေသော ဆရာ ဆရာမများကိစ္စကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောဒေသတွင် ဆရာ ဆရာမ ၂၈၈ ဦးရှိပြီး ဝေးလံသော ဒေသရောက်ရှိနေသည့် ဆရာ ဆရာမများကို လုံခြုံစိတ်ချရသော ဒေသတွင် စုစည်းထားရှိပြီးဖြစ်ကြောင်း၊ စုရပ်အသီးသီးတွင် လုံခြုံစိတ်ချစွာ ရှိနေပါကြောင်း၊ နေရပ်သို့ ပြန်သွားသည့် ဆရာ ဆရာမ ၁၀၄ ဦးရှိပါကြောင်း၊ ဆရာ ဆရာမများကို သာမက ကျန်းမာရေးဝန်ထမ်းများကိုလည်း လုံခြုံစိတ်ချရရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆွေးနွေးသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက မောင်တောဒေသရှိ တိုင်းရင်းသားကျေးရွာ ၃၅ ရွာသို့ဆန်အိတ် ၉၀၀၊ ဆီပိဿာ ၂၀၀ ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ကျဆုံးရဲတပ်ဖွဲ့ဝင် ကိုးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်း၊ ဒဏ်ရာရတပ်ဖွဲ့ဝင် ငါးဦးအား တစ်ဦးလျှင် ငါးသိန်းနှုန်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်း ၉၀နှင့် ဝေးလံသော ဒေသတွင် ၁၆ ဦးရှိပြီး ၎င်းတို့အား လုံခြုံသောနေရာတွင် စုစည်းထားပြီးဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က တက်ရောက်လာကြသူများက ပြည့်ပြည့်စုံစုံ အကြံပြုတင်ပြသကဲ့သို့ ပြန်လည်ရှင်းလင်းကြသူများကလည်း ပြည့်ပြည့်စုံစုံ ရှင်းပြသဖြင့် မိမိတို့လာရောက်သည့် ရည်ရွယ်ချက်အတိုင်း လုံခြုံအေးချမ်းရေးနှင့် ပြည်သူများ စိတ်ချမ်းသာရေး၊ စိုးရိမ်သောက ဖြေလျှော့ရေးမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟု ထင်ပါကြောင်း၊ ဆွေးနွေးသည့်အထဲတွင် လတ်တလော ဖြေရှင်းရမည့်အချက်များ ပါဝင်သကဲ့သို့ ရေရှည်ဖြေရှင်းရမည့်အချက်များလည်း ပါဝင်ပါကြောင်း၊ အသေးစိတ်ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်ပြီး တစ်နေ့ထက်တစ်နေ့ တည်ငြိမ်အေးချမ်းသွားမည်ဟု ယုံကြည်ပါကြောင်း၊အားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားပါက အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



တိုင်းမှူး
ဗိုလ်ချုပ်မောင်မောင်စိုး



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်သန်းထွဋ်



လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ဗိုလ်မှူးကြီး ထိန်လင်း



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး



ဒေသခံပြည်သူ ဦးကျော်ကျော်ဦး



ဒေသခံပြည်သူ ဦးထွန်းအေးသိန်း

## မန္တလေး-မူဆယ်ကားလမ်းမှ ဂုတ်တွင်းလမ်းပိုင်းကိုပြင်ဆင်မည်

**သီပေါ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မန္တလေး-မူဆယ်ကားလမ်း ဂုတ်တွင်းလမ်းပိုင်း မိုင်တိုင်အမှတ်(၈၂/၀)မှ(၈၇/၀)အထိ ကျောက်မဲမြို့ နယ်ဘက်ခြမ်းကို သက်ဆိုင်ရာ OHCကုမ္ပဏီအနေဖြင့် အောက်တိုဘာ ၁၈ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရသည်။

မန္တလေး-မူဆယ်ကားလမ်း ဂုတ်တွင်းလမ်းပိုင်းရှိလိုအပ်သည့်နေရာများကို ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂုတ်တွင်းလမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်နေ့ရက်များတွင် နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိအတက်၊အဆင်းယာဉ်များကိုခေတ္တပိတ်ထားမည်ဖြစ်ကြောင်း၊ ORIENTAL HIGHWAY Co., Ltd.မှ ဂုတ်တွင်းလမ်းပြင်ဆင်ထိန်းသိမ်းရေး ဆောင်ရွက်သွားမည့် အဆိုပါနေ့ရက်များတွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတက်၊အဆင်းများကို မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီ အထိ ခေတ္တလမ်းပိတ်ထားနိုင်ရန် ကျောက်မဲမြို့အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုထံသို့ ဆက်သွယ်အကူအညီတောင်းခံထားကြောင်း သိရသည်။

ယာဉ်မတော်တဆမှုနှင့်လမ်းပိတ်ဆို့မှု မကြာခဏဖြစ်ပွားလေ့ရှိသော အဆိုပါဂုတ်တွင်းလမ်းပိုင်းမှနေရာများကို ပြင်ဆင်ဆောင်ရွက်သွားခြင်းအပေါ် ယာဉ်မောင်းသူများနှင့်ခရီးသွားပြည်သူများကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# မောင်တောခရိုင်ရှိ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ သြဝါဒခံယူ



အလိုတော်ပြည့်ဆရာတော် ဦးမဏိသာရ သြဝါဒမြွက်ကြားစဉ်။

(သတင်းစဉ်)

မောင်တော အောက်တိုဘာ ၁၂

**မောင်တောခရိုင်ရှိ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့က သြဝါဒခံယူမှုကို ယနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မောင်တောမြို့ မြို့မပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။**

သြဝါဒခံယူပွဲတွင် အလိုတော်ပြည့်ဆရာတော် ဦးမဏိသာရက မောင်တောဒေသ အမြန်ဆုံးပြန်လည်တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရေး၊ ပြည်သူလူထု၏ စိတ်လုံခြုံမှုရှိအောင် ကူညီဆောင်ရွက်ပေးရေး၊ အကြောက်တရားများ လျော့နည်းသွားအောင် အမြန်ဆောင်ရွက်ရေး၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ လက်သို့ပါရှိသွားသည့် လက်နက်များ အမြန်ပြန်ရအောင် ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ သြဝါဒမြွက်ကြားသည်။



ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကလည်း နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်နေမှုများ၊ အကြမ်းဖက်သမားများ လက်သို့ပါရှိသွားသည့် လက်နက်များ ပြန်လည်သိမ်းဆည်းရရှိရေး၊ ၎င်းတို့လက်ဝယ်ဖွက်ထားသည့်လက်နက်များ ဖော်ထုတ်ရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းလျှောက်ထားခဲ့သည်။ **(သတင်းစဉ်)**

မောင်တောခရိုင်ရှိ သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့က သြဝါဒခံယူစဉ်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မောင်တောမြို့ပေါ် အနီးဝန်းကျင် ရပ်ကွက်ကျေးရွာအုပ်စုရှိ အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံ

**မောင်တော အောက်တိုဘာ ၁၂**

ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မောင်တောမြို့ပေါ် အနီးဝန်းကျင်ရပ်ကွက် ကျေးရွာအုပ်စုရှိ အစ္စလာမ်ဘာသာဝင်များ တွေ့ဆုံပွဲကို ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။**(ယာပုံ)**






တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က လတ်တလော ရခိုင်ပြည်နယ်တွင် ဖြစ်နေသည့် ပြဿနာများအပေါ် ဒေသခံပြည်သူများ စိုးရိမ်ပူပန်နေသည်ကို သိရှိပါကြောင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ထားသည့်အတွက် အလုပ်အကိုင်များလည်းပျက်ယွင်းသည်ကို သိရှိပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နည်းလမ်း များရှာဖွေရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မရှိပါက စားဝတ်နေရေးများထိခိုက်နိုင်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု မရှိပါက ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ကြောင်း၊ ယခုတည်ငြိမ်အေးချမ်းမှု ပျက်ပြားနေသည့်အတွက် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေရကြောင်း၊ တည်ငြိမ်မှု ပျက်ပြားအောင်ဆောင်ရွက်သည့်သူများနှင့် အဖွဲ့အစည်းများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်အကြမ်းဖက်မှုမျိုးနှင့် ဥပဒေချိုးဖောက်ခြင်းကိုမှ လက်မခံဘဲ ဥပဒေအရ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာကြသူများက နောက်ထပ်အလားတူမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခက်အခဲအနေဖြင့် ခရီးသွားလာနေသူများ သွားလာမှုလွယ်ကူစေရန်အတွက် ဆောင်ရွက်ပေးစေလိုကြောင်း၊ ယခုဖြစ်ပျက်သွားသည့် အကြမ်းဖက်မှုများကို မိမိတို့အနေဖြင့် ပြင်းထန်စွာရှုတ်ချပါကြောင်း၊ ကျူးလွန်သူများကိုလည်း ထိထိရောက်ရောက် အရေးယူပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာလျက်ရှိကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# မုံရွာမြို့တွင် နိုင်ငံခြားသားများ အက်ဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံခြားသားများ အက်ဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရှေးဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ နည်းပဒေများနှင့် ပတ်သက်၍ သိကောင်းစရာများအား အကျယ်တဝင့် ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး ဦးစီးမှူးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရေယာဉ်/မော်တော်ယာဉ် အသင်းကြီးကြပ်မှုကော်မတီနှင့် အသင်းဝင်များ၊ သတင်းမီဒီယာများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ဖိုးချမ်း-မုံရွာ)**

# ကျိုက်ထိုမြို့၌ ဗမာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီကွန်ရက်ဖွဲ့စည်း

**ကျိုက်ထို အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ကရင်၊ ပအိုဝ်း၊ ဗမာ၊ မွန် တိုင်းရင်းသား လေးမျိုး အများစုနေထိုင်သည်။ သို့ရာတွင် ကရင်၊ ပအိုဝ်း၊ မွန်တိုင်းရင်းသားများမှာ စာပေနှင့်ယဉ်ကျေးမှုကော်မတီကိုဖွဲ့စည်းပြီး စာပေနှင့်ယဉ်ကျေးမှုကိစ္စရပ်များကို အသီးသီးဆောင်ရွက်လျက်ရှိရာ ဗမာတိုင်းရင်းသားများအနေဖြင့်လည်း စာပေနှင့်ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ဗမာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီကွန်ရက်ကို အောက်တိုဘာ ၁၂ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## ပြည်တွင်းရေးရာ

# တတိယအကြိမ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာ အာရှညီလာခံကွန်ဖရင့်ကျင်းပ




**ရန်ကုန် အောက်တိုဘာ ၁၂**
မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာ အာရှညီလာခံကွန်ဖရင့် ဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ YMCA အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းညီလာခံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို မြန်မာ YMCA ဥက္ကဋ္ဌ ဦးသာစိန်က ဖတ်ကြားပြီး Malaysian Care မှ Director, Mr. Kenneth Wong ၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ ဥက္ကဋ္ဌ ဦးပက်ထရစ်လူနီ၊ ရန်ကုန် YMCA ဥက္ကဋ္ဌ ဒေါက်တာတင်လှနှင့် မြန်မာYMCA အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာ အာရှညီလာခံကွန်ဖရင့် (သြစတြေးလျ)မှ Mr. Warwick Murphy က ညီလာခံနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရစ်ယာန်အသင်းတော်များမှ ခေါင်းဆောင်များက အမှာစကားပြောကြားကာ ညီလာခံတက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းညီလာခံတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၆ ဦးနှင့် မြန်မာနိုင်ငံအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄၀ တက်ရောက်ကာ အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးသုံးစွဲခဲ့သူများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးကြမည်ဟု သိရသည်။ **ကိုလတ်(သတင်းစဉ်)**

# နယ်ထိန်းမွမ်းမံသင်တန်းနှင့် လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်းဖွင့်

**မော်လမြိုင် အောက်တိုဘာ ၁၂**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသော နယ်ထိန်း(အခြားအဆင့်)မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒု-ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဦးစီး(ပထမတန်း)(ဦး/ရေး/ထောက်)ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်၊ အမှတ်(၁၅) လုံခြုံရေးတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှိုင်မင်းထွန်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိများ၊ မြို့နယ် ခြောက်မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ နည်းပြဆရာများနှင့် သင်တန်းသား ၃၀ တို့ တက်ရောက်ခဲ့သည်။

အလားတူ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သော လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်း (၅/၂၀၁၆) ဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့နယ်ရှိ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ အတ္တရံသင်တန်းခန်းမ၌ ကျင်းပသည်။ **ကျော်သန်း(မော်လမြိုင်)**

# အစေ့ထုတ်ပြောင်းဈေးကွက်ရရှိရေးနှင့် အာလူးမျိုးစေ့ထုတ်စိုက်ခင်းများ အကောင်အထည်ဖော်ရေးနည်းပညာပေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**
မြဝတီမြို့နယ် ဝေါလေဒေသမှ DKBA ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ၊ ဝေါလေ၊ စုကလိမှ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ၊ တောင်သူများ၊ ကော့ကရိတ်မြို့နယ်မှ တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနှင့် ပြည်နယ်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ကူညီပံ့ပိုးပေးမည့် AAE ကုမ္ပဏီ (Advance Agriculture Engineering)မှ ဥက္ကဋ္ဌ ဦးကြည်စိန်နှင့် အလုပ်အမှုဆောင်များသည် မြဝတီမြို့နယ်အတွင်း အစေ့ထုတ်ပြောင်းမျိုးစေ့များ ဈေးကွက်ခိုင်မာစွာ ရရှိနိုင်ရေး ဆောင်းအာလူးမျိုးစေ့ထုတ်စိုက်ခင်းများ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၀ ရက်က စိုက်ပျိုးရေးဦးစီးဌာနရဲသူရအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုင်းနိုင်ငံ တာခ့်ခရိုင်အတွင်းမှ လုပ်ငန်းရှင်များက အစေ့ထုတ်ပြောင်းများကို အဖူးလိုက် အစိုဓာတ် ၃၀-၃၅ ရာခိုင်နှုန်း ပါလာသောပြောင်းဖူးကို တစ်ဖူးလျှင် ၃ ဒသမ ၃၅ ဘတ်ဖြင့်ဝယ်ယူ ခြွေလှေ့ပြီး အစိုဓာတ် ၁၄ ဒသမ ၅ ရာခိုင်နှုန်းသတ်မှတ်၍ တစ်ကီလိုလျှင် ရှစ်ဘတ်ဖြင့် ပြန်လည်ဝယ်ယူလျက်ရှိကြောင်း၊ ခြွေပြီးသားပြောင်းစေ့ အစိုဓာတ် ၁၄ ဒသမ ၅ ရာခိုင်နှုန်းသန့်စင်ပြီး ပြောင်းစေ့တစ်ကီလိုလျှင် ရှစ်ဘတ်ဖြင့် အစာချက်စက်ရုံသို့ ပြန်လည်ရောင်းချပေးနေကြောင်း၊ ဒုတိယတန်စား အကျိုးအပဲ့များသည့် ပြောင်းများကို တစ်ကီလိုလျှင် ခုနစ်ဘတ်ဖြင့် ပြန်လည်ရောင်းချကြောင်း စက်ရုံမှ ခြွေလှေ့စရိတ်၊ ထုပ်ပိုးစရိတ်အပါအဝင် ထုတ်လုပ်မှုစရိတ်ကို တစ်ကီလိုလျှင် တစ်ဘတ်ယူ၍ အမြတ်ဘတ်သုည ဒသမ ၄၀ ရယူကြောင်း၊ လက်ရှိအနေအထားတွင် တာခ့်ခရိုင်အတွင်းရှိ မဲဆောက်၊ ဖုတ်ဖမှထွက်ရှိလာသော ပြောင်းများကို ဝယ်ယူပြီးမှသာလျှင် မြဝတီနယ်စပ်မှ ပြောင်းစေ့များကို ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ ပြောင်းစိုက်ဒေသများမှ ထိုင်းနိုင်ငံအစာချက်စက်ရုံသို့ ပြန်လည်ရောင်းချသော အစိုဓာတ်ပါဝင်မှု သတ်မှတ်ချက်၊ အလေးချိန် ခြင်တွယ်သတ်မှတ်ချက်များကို သိရှိ၍ ဈေးကွက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

မြဝတီမြို့နယ် ဝေါလေစုကလိချစ်သူမြိုင် လေးကစ်ကော်ဒေသတွင် မိုးသီးနှံအဖြစ် အစေ့ထုတ်ပြောင်း၊ သီးထပ်အဖြစ် ပဲတီစိမ်းများကို ယာသီးနှံများတွင် စိုက်ပျိုးကြပြီး လယ်မြေတွင် စပါးတစ်သီးသာ စိုက်ပျိုးကြသည့်အတွက် ဈေးကွက်ဝယ်လိုအားရှိသော သီးနှံများကိုစိုက်ပျိုးရန် လေ့လာသောအခါ ဝေါလေ၊ ဆုံဆည်းမြိုင်တို့နှင့် နယ်နိမိတ်ချင်းထိစပ်သော ထိုင်းနိုင်ငံ ဖုတ်ဖမြို့နယ်သည် ထိုင်းနိုင်ငံ၏ အာလူးဈေးကွက် ၆၀ ရာခိုင်နှုန်းကို စိုက်ပျိုးထုတ်လုပ်နေသည့်အတွက် မျိုးစေ့လိုအပ်ချက်ပမာဏများကြောင်းနှင့် ရေမြေသဘာဝချင်းဆက်စပ်နေသည့် GIS နည်းပညာအရ ဖုတ်ဖဒေသ၏ ရေမြေသဘာဝနှင့် ထပ်တူကျသော ဝေါလေဒေသနှင့် မင်္ဂလာချောင်းအတွင်းရှိ စိုက်ကွင်းများတွင် ထိုင်းနိုင်ငံမှ သုဝဏ္ဏဘူမိလယ်ယာထွက် သီးနှံကုမ္ပဏီ၊ မြန်မာနိုင်ငံဘက်မှ AAE ကုမ္ပဏီနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်းအာလူးမျိုးစေ့ ထုတ်လုပ်ခြင်းနှင့် အာလူးစိုက်ခင်းများအား စတင်စမ်းသပ်စိုက်ပျိုးမည်ဖြစ်သည်။

ထိုင်းနိုင်ငံ ဖုတ်ဖမြို့နယ်၌ အာလူးသီးနှံကို နေရာအနှံ့စိုက်ပျိုးကြသော်လည်း သောင်းရင်းမြစ်သာခြားသည့် ဝေါလေမြိုင်နှင့် ဆုံဆည်းမြိုင်ဒေသများတွင် စိုက်ပျိုးမှုမရှိသည့်အတွက် စမ်းသပ်ကွက် ငါးဧကစီ နှစ်နေရာခွဲ၍ အဆိုပါဒေသမှ တောင်သူများကို AAE ကုမ္ပဏီနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စံပြစမ်းသပ်စိုက်ခင်းများကို လုပ်ဆောင်၍ အာလူးစိုက်ပျိုးနည်းပညာကို သင်တန်း ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ မြဝတီမြို့နယ်သည် အစေ့ထုတ်ပြောင်းကို ၄၉၄၃၅ ဧကစိုက်ပျိုးလျက်ရှိသည်။ **သန်းဦး(လေးမျက်နှာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်(ရွှေဈေး) ၈၅၀၅၀၀ - ၈၅၁၅၀၀ မန္တလေး(ရွှေဈေး) ၈၄၉၀၀၀ - ၈၅၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၅၉၀/၆၁၀ ကျပ်၊ | ၆၃၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၀၅/၆၂၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၈၆. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၆. ၇၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၄၂၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၉. ၄၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၇၉၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၂. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၆၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၈. ၄၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၀. ၁၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| | | | |
|---|---|---|---|
| ၁ | လေးကေ-အရှင်နန္ဒမာလာ | ဘဝကိုဖန်ဆင်းသော တရားများ | ၁၅၀၀ိ/-တော်ဝင်မြို့မ |
| ၂ | မောင်ပေါ်ထွန်း | အကြီးအကဲ(နိုင်ငံတစ်ခု ပျက်သုဉ်းခြင်း) | ၁၀၀၀၀ိ/-ရာပြည့်စာပေ |
| ၃ | သက်ဝင်းမြင့် | ဒေါ်အောင်ဆန်းစုကြည်အာဏာရှင်လား | ၃၀၀၀ိ/-ကောင်းသန့်စာပေ |
| ၄ | ကလောင်စုံ | စာရေးနည်းလမ်းညွှန် | ၂၅၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၅ | Qualityအယ်ဒီတာအဖွဲ့ | ဟီလာရီကလင်တန် | ၄၅၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၆ | ကြူမွှေး | လူပြန်တော်နှင့်မင်းသမီး | ၂၂၀၀ိ/-စိတ်ကူးချိုချို |
| ၇ | ဒေါက်တာ မောင်မောင်အေး | အလှမွေးငါး စတင်မွေးမြူသူများအတွက် ငါးကန်ထိန်းသိမ်းစောင့်ရှောက်နည်း | ၂၅၀၀ိ/-ဝါးလည် |
| ၈ | ရွှေဟင်္သာဆရာတော်ဘုရားကြီး အရှင်ပဏ္ဍိတထေရ် | ဓမ္မနုပဿနာ | ၁၈၀၀ိ/-စိတ်ကူးချိုချို |
| ၉ | မောင်ကြည်သစ် | နိုင်ငံရေးဒီဘိတ် | ၁၈၀၀ိ/-အဖြူရောင်ပဲ့တင်သံစာပေ |
| ၁၀ | | EXO VOL-3EX’ACT,Monster | ၄၀၀၀ိ/-GND Book Publishing |
| ၁၁ | | EXO VOL 3 EX’ACT ,LUCKY ONE | ၄၀၀၀ိ/-GND Book Publishing |
| ၁၂ | ဇော်ဇော်အောင် | ပီတာဇော်မြင့်သဘောပေါက်ပါသည် | ၁၂၀၀ိ/-စိတ်ကူးချိုချို |
| ၁၃ | ဖိုးကျော့ | အောင်ပွဲသို့ချီရာဝယ် | ၂၃၀၀ိ/-စိတ်ကူးချိုချို |
| ၁၄ | ကြပ်ကလေး | ကြပ်ကလေးဟာသဝတ္ထုတိုများ(၂) | ၂၅၀၀ိ/-စိတ်ကူးချိုချို |
| ၁၅ | နတ်နွယ် | ရောမကမိန်းမပျက် | ၃၅၀၀ိ/-စိတ်ကူးချိုချို |
| ၁၆ | မျိုးမင်းရန်အောင် | ဘောလုံးကျွမ်းကျင်မှု | ၅၀၀၀ိ/-စိတ်ကူးချိုချို |
| ၁၇ | ဒေါက်တာထွန်းဝင်း | ပဲပြုတ်နံ့ပြားစားလျှင် လမ်းမပေါ် ဆေးရိုးခင်းသလို ကားပါကင်နေရာ မဦးသင့်ပုံနှင့်နိုင်ငံရေး လူငယ်သိဖွယ်ရေး | ၂၀၀၀ိ/-သရဖီထွန်းဝင်းစာပေ |
| ၁၈ | ဖျင်ဒူဝါ | သျှမ်းမောမြေက လွမ်းတေးအလင်္ကာနှင့် စစ်သားဘဝအမှတ်တရရသဝတ္ထုများ | ၂၅၀၀ိ/-ထင်ကျော်မိုး |
| ၁၉ | မောင်ဆေးရိုး | အဝါရောင်ဂစ်တာ | ၁၅၀၀ိ/-နှစ်ကာလများစာပေ |
| ၂၀ | မောင်ဒေး | အစိမ်းရောင်စာအုပ် | ၁၅၀၀ိ/-နှစ်ကာလများစာပေ |
| ၂၁ | Monica Lahtaw(Hkawawm) | ဖွင့်ကြည့်လိုက်ပါ (တစ်ခုတော့ကျန်ခဲ့မှာပါ)အတွဲ ၁ | ၂၀၀၀ိ/- မျိုးဆက်သစ်စာပေ |
| ၂၂ | ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ) | အောင်မြင်ကျော်ကြားသည့် ရှေ့နေ ဖြစ်နည်းလမ်းညွှန် | ၇၀၀၀ိ/-လွင်စာပေ |
| ၂၃ | ဆန်းလင်းထွန်း | အင်္ဂလိပ်စကားပြောအီဒီယမ် | ၂၀၀၀ိ/-ရှုဝံစာပေ |
| ၂၄ | ဆန်းလင်းထွန်း | အလိုအပ်ဆုံးအင်္ဂလိပ်အီဒီယမ် | ၂၀၀၀ိ/-ရှုဝံစာပေ |
| ၂၅ | ဆောင်းဖြူ | ရန်ကုန်ဟာ မလုံခြုံတော့ဘူးနှင့် လူမှုရှုခင်းစာစုများ | ၂၀၀၀ိ/- ယဉ်မျိုးစာပေ |
| ၂၆ | နေအိမ်ဝန်း ကဥ္စနာ | ဆန့်ကျင်စာသာများတလိမ့်လိမ့်ကမ္ဘာ | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၇ | စမ်းစမ်းနွဲ့(သာယာဝတီ) | သံသရာရေးတစ်ကျိုက်နှစ်ကျိုက်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ | ၄၅၀၀ိ/-လင်းလွန်းခင်စာပေ |
| ၂၈ | ဗိုသံ | အောက်ပါကာတွန်းများကို စာဆယ်ကြောင်းခန့်ဝေဖန်ပါ | ၂၀၀၀ိ/-စာပေနန်းတော် |
| ၂၉ | ဖြိုးသာရ | အဋ္ဌမမြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်း | ၆၀၀ိ/-အားမာန်သစ်စာပေ |
| ၃၀ | မင်းသိခ် | မောင်မင်းကြီးသားမောင်မြဖေ | ၈၀၀၀ိ/-မျက်ပွင့်စာပေ |
| ၃၁ | မျိုးမြင့်ထိုက် | Crackerလမ်းညွှန် | ၉၀၀၀ိ/-မျက်ပွင့်စာပေ |
| ၃၂ | ကျော်လှိုင် | မင်းကွန်းပိဋကရေဆရာတော် ဘုရားကြီး၏ သူတော်ကောင်းနှလုံးရည် | ၁၂၀၀ိ/-ရှင်မတောင်စာပေ |
| ၃၃ | ဦးဝင်းထိန် | ဗိုလ်ကြီးအုန်းကျော်မြင့် နိုင်ငံတော် လုပ်ကြံမှု | ၃၀၀၀ိ/-အိပ်မက်သစ်စာပေ |
| ၃၄ | အောင်လှိုင် | နောင်နှစ် ၁၀၀ အတွင်း ကမ္ဘာကို ကိုင်လှုပ်မည့် အပြောင်းအလဲများ | ၂၅၀၀ိ/-စိုးစံစာပေ |
| ၃၅ | ရဲနိုင် | မိန်းမဖျက်၍ ပြည်ပျက်သည်ဟု မည်သူ ပြောသနည်းနှင့် အခြားဆောင်းပါးများ | ၁၅၀၀ိ/-မျိုးဆက်သစ်စာပေ |

ဆက်လက်ဖော်ပြပါမည်။

ကြေးမုံ ရုပ်ရှင်အညွှန်း

# ယခုတစ်ပတ်တွင် မင်းသား နေတိုးနှင့် အိချောပိုတို့၏ “ရွှေဒင်္ဂါးကိုထွေခင်းကစားမယ်” မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်မည်

အောင်ဘာလေဟု အမည်ရသည့် ကျေးရွာလေး တစ်ရွာလုံးနီးပါးဟာ သမ္မာအာဇီဝလုပ်ငန်းများထက် နှစ်လုံး၊ သုံးလုံးစတဲ့ လောင်းကစားအလုပ်များကို ပိုမိုစိတ်ဝင်စားကြပါတယ်။ အဲဒီရွာလေးတွင် ခေတ်ပညာတတ်ပြီး မြဝတီမှ ကုန်ပစ္စည်းများ အရောင်းအဝယ် ပြုလုပ်နေသူ၊ ရွာထဲက ကုန်စုံဆိုင်လေးဖွင့်ထားတဲ့ မြယမင်းကို အချစ်ကြီးချစ်မိနေသူ ရွှန်းတောက်အဖြစ် ပြည်သူ့အချစ်တော် ရုပ်ရှင်မင်းသား အကယ်ဒမီ နေတိုးက ပါဝင်သရုပ်ဆောင်ထားပါတယ်။

ယခုတစ်ပတ်တွင် အသစ်ရုံတင်ပြသမယ့် “ရွှေဒင်္ဂါးကိုထွေခင်းကစားမယ်” မြန်မာရုပ်ရှင်ဇာတ်ကားကြီးကို ဒါရိုက်တာအဖြစ် အကယ်ဒမီ ဒါရိုက်တာညီညီထွန်းလွင်က ရိုက်ကူးပုံဖော်ထားတာဖြစ်ပြီးတော့ ဇာတ်လမ်း၊ ဇာတ်ညွှန်း လွင်မင်းအံ့နဲ့ တွဲဖက်ဒါရိုက်တာများအဖြစ် မောင်သီလနဲ့ ဩရသတို့က ပူးပေါင်းပါဝင်ပေးထားပါတယ်။



“ရွှေဒင်္ဂါးကိုထွေခင်းကစားမယ်” မြန်မာရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

သရုပ်ဆောင်တွေ အနေနဲ့က အကယ်ဒမီနေတိုး၊ မင်းသမီး အိချောပို၊ ကျော်ကျော်၊ နေဆန်းတို့နဲ့ သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ပေးထားကြတာ ဖြစ်ပါတယ်။

“ရွှေဒင်္ဂါးကိုထွေခင်းကစားမယ်” မြန်မာရုပ်ရှင်ဇာတ်ကားဟာ ကျေးရွာတစ်ရွာအတွင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ သာမန်ဟာသအဖြစ်အပျက်များအပြင် နောက်ဆုံးမှာ ယိုးဒယားထီဆုငွေကြောင့် ပြဿနာများတက်ပြီး အဲဒီပြဿနာတွေ အဆုံးမှာ ယင်းထီဆုငွေကို မည်သူမျှ ဝေစုမခွဲဘဲ အောင်ဘာလေကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုဖို့ သဘောတူလိုက်ကြကာ ပျော်ရွှင်ဖွယ် နိဂုံးလေးနဲ့ အဆုံးသတ်ပေးထားတာဖြစ်ပါတယ်။

အဲဒီဟာသဇာတ်ကားသစ်ကို သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ် (စိန်ဂေဟာပါရမီ)၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာထွန်းသီရိ၊ မင်္ဂလာရုပ်ရှင်ရုံ(ပဲခူး)နဲ့ တောင်ငူမြို့ရှိ New 3D Cinema တို့တွင် အောက်တိုဘာ ၁၄ ရက်၌ စတင်ရုံတင်ပြသပေးသွားမှာဖြစ်ပါတယ်။



“ရွှေဒင်္ဂါးကိုထွေခင်းကစားမယ်” မြန်မာရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဒါ့အပြင် ဝါရင့်မြန်မာရုပ်ရှင်သရုပ်ဆောင်များရဲ့ အားပြိုင်မှုတွေကို တစ်ဝကြီးကြည့်ရှုခံစားနိုင်မယ့် ‘ရုပ်ကွက်ဘုရင်မ(၂)’ ဟာသဇာတ်ကားကိုလည်း ဒီတစ်ပတ်မှာ ဆက်လက်ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပါတယ်။

‘ရုပ်ကွက်ဘုရင်မ(၂)’ ဇာတ်ကားမှာ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ အေးမြတ်သူနှင့် ရာဇာနေဝင်းတို့နဲ့အတူ ရုပ်ရှင်ဝိုင်းတော်သားအများအပြားပါဝင်အားဖြည့်ပေးထားကြပြီး ရတနာမြေပုံနှင့် ရတနာများရှာဖွေသည့် ဇာတ်လမ်းပုံစံကို ဟာသနှောကာ ရိုက်ကူးထားခြင်းလည်းဖြစ်ပါတယ်။

ဒီဇာတ်ကားကိုတော့ ရွှေ့ဆောင်(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်းသီရိ အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ ဆက်လက်ရုံတင်ပြသပေးသွားဦးမှာဖြစ်ပါ တယ်။

ဒါ့အပြင် ပြသဆဲမြန်မာရုပ်ရှင်ဇာတ်ကား များဖြစ်တဲ့ ဒါရိုက်တာသီဟကျော်စိုးပုံဖော်ရိုက်ကူးထားပြီး နေမင်းနဲ့ အေးမြတ်သူတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ‘မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်း (၃၀)’ ဇာတ်ကားကိုလည်း ဆက်လက်ရုံတင် ပေးမှာဖြစ်ပါတယ်။ ဒီဇာတ်ကားကိုတော့ ရွှေ့ဆောင်၊ မင်္ဂလာဝဇီရာ (လှိုင်သာယာ)နဲ့ မင်္ဂလာ ရုပ်ရှင်ရုံ(ပဲခူး) တို့မှာ ဆက်လက်ရုံတင်ပြသပေးမှာဖြစ်ပါတယ်။

ဖြိုးစန္ဒာမြင့်

## အော်စကာဆု၏ နိုင်ငံခြားဘာသာရုပ်ရှင်ဇာတ်ကားဆုအတွက် တရုတ်ဇာတ်ကား Xuan Zang ပါဝင်ယှဉ်ပြိုင်မည်

မကြာမီ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျင်းပတော့မည့် ဟောလိဝုဒ်၏ အထင်ကရ ဆုပေးပွဲတစ်ခုဖြစ်သည့် အော်စကာ အကယ်ဒမီဆုပေးပွဲ၏ ကဏ္ဍတစ်ရပ်ဖြစ်သော နိုင်ငံခြားဘာသာရုပ်ရှင်ဇာတ်ကားကဏ္ဍပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ Xuan Zang ဇာတ်ကားက ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်း အောက်တိုဘာ ပထမပတ်အတွင်းက တရုတ်ရုပ်ရှင်ကော်ပိုရေးရှင်းမှ တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းဇာတ်ကားကို ဒါရိုက်တာ Huo Jianqi က ရိုက်ကူးပုံဖော်ထားပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ဦးဖြစ်သူ Xuan Zang ၏ ခုနစ်ရာစုခန့်က အိန္ဒိယနိုင်ငံသို့ ကုန်းလမ်းခရီးဖြင့် ၁၇ နှစ်ကြာသွားရောက်ခဲ့ပုံကို ပြန်လည်ပုံဖော်ထားသည့် မှတ်တမ်းဇာတ်ကားဖြစ်သည်။

ယင်းဇာတ်ကားကို ယခုနှစ် ဧပြီလကုန်ပိုင်းက အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ဖြန့်ချိခဲ့ပြီးဖြစ်ကာ ယခုနှစ်၏ တရုတ်-ဗြိတိန်ရုပ်ရှင်ပွဲတော်တွင် Best visual effects ဆုကိုရရှိခဲ့သည့် ဇာတ်ကားတစ်ကားလည်းဖြစ်သည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် အော်စကာအကယ်ဒမီဆုပေးပွဲသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ ဇာတ်ကားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် (၃၅)ကြိမ်မြောက် ဟောင်ကောင်ရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံး ဆုရရှိခဲ့သည့် ဇာတ်ကားဖြစ်သည့် Port of Call မှုခင်းဇာတ်ကားကလည်း ယင်းဆုအတွက် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

## ဘေလ်ဘုတ်ဂီတဇယားတွင် စာရင်းဝင်နိုင်ခဲ့သည့် ပထမဆုံးသောကိုရီးယားအမျိုးသမီးတေးသံရှင်ဖြစ်လာခဲ့သည့် CL




မကြာခင်က ထုတ်ပြန်ခဲ့သည့် အမေရိကန်ဘေလ်ဘုတ်၏ ထိပ်တန်းသီချင်းအပုဒ် ၁၀၀ စာရင်းတွင် တောင်ကိုရီးယားကေပေ့ါ်အဖွဲ့ 2NE1မှ အဖွဲ့ဝင် CL က တစ်ကိုယ်တော်တေးသီချင်း Lifted ဖြင့် စာရင်းဝင်ခဲ့သည့် ပထမဆုံးသော ကိုရီးယားအမျိုးသမီးတေးသံရှင်ဖြစ်လာခဲ့သည်။

အဆိုပါ Lifted သီချင်းသည် ဩဂုတ်လအတွင်းက ဖြန့်ချိခဲ့သော တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး CL သည် ယင်းသီချင်းဖြင့် ဘေလ်ဘုတ်၏ နံပါတ် ၉၄ နေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ရပ်တည်နိုင်ခဲ့ခြင်းမှာ CL အတွက်ပထမဆုံး အကြိမ်မဟုတ်တော့ဘဲ ယခင်အကြိမ်များကလည်း ဘေလ်ဘုတ်၏ Social 50 chart တွင် စာရင်းဝင်တေး သံရှင်တစ်ဦး ဖြစ်ခဲ့ဖူးသည်။

ထို့အပြင် CL သည် စက်တင်ဘာလအတွင်းက Lifted သီချင်းကို James Corden နှင့်အတူ The Late Late Show တွင် သီဆိုဖျော်ဖြေခဲ့ပြီးလည်း ဖြစ်သည်။CL သည် 2NE1၏အဖွဲ့ဝင်တစ်ဦးအဖြစ် ဒုတိယမြောက်စတူဒီယိုအယ်လ်ဘမ်ဖြစ်သည့် Crush ကို ၂၀၁၄ ခုနှစ်အတွင်းက ဖြန့်ချိခဲ့ပြီးလည်းဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

## The Girl on the Train သည်းထိတ်ရင်ဖိုဇာတ်ကား မြောက်အမေရိကတွင် ရုံဝင်ငွေကောင်းလျက်ရှိ

ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေး၏ ဇာတ်ကားသစ်ဖြစ်သည့် The Girl on the Train အမည်ရှိ ဇာတ်ကားကို အောက်တိုဘာ ၇ ရက်တွင် မြောက်အမေရိကရှိ ရုပ်ရှင်ရုံပေါင်း ၃၁၁၄ တွင် ရုံတင်ပြသခဲ့ရာ ရုံဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄ သန်းကျော်ဖြင့် ထိပ်တန်းမှရပ်တည်နေကြောင်းသိရသည်။

ယင်းဇာတ်ကားကို အားပေးကြသူအများစုမှာ အမျိုးသမီးများဖြစ်ကြောင်း၊ အားပေးကြသူများတွင် အမျိုးသားများမှာ ၃၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၆၈ ရာခိုင်နှုန်းရှိပြီး လာရောက်အားပေးသူ ၄၅ ရာခိုင်နှုန်းမှာ အသက် ၃၀ အောက်လူငယ်များ ဖြစ်ကြကြောင်း ၎င်းတို့၏စစ်တမ်းများအရသိရသည်။ယင်းဇာတ်ကားသည် ၂၀၁၅ ခုနှစ်က ထွက်ရှိခဲ့သည့် ၎င်းအမည်တူ ဗြိတိန်ဝတ္ထုတစ်ပုဒ်ကို အခြေခံရိုက်ကူးထားခြင်းဖြစ်ပြီး အမေရိကန်မင်းသမီး Emily Blunt ၊ ဆွီဒင်မင်းသမီး Rebecca Ferguson နှင့်အခြားသောအနုပညာရှင်များစွာ ပါဝင်အားဖြည့်ထားကြသည်။ ယင်းဇာတ်ကားသည် ယခင်အပတ်က ပထမနေရာယူထားသည့် မှော်ဇာတ်ကား Miss Peregrine's Home For Peculiar Children ကိုကျော်လွန်ကာ ဝင်ငွေကောင်းလာခဲ့ခြင်းလည်းဖြစ်သည်။ အခြားသော ထိပ်တန်း(၁၀)ဇာတ်ကားဝင်ဇာတ်ကားများတွင် The Magnificent Seven၊ Storks၊ The Birth Of A Nation နှင့် Middle School: The Worst Years Of My Life ဇာတ်ကားတို့ပါဝင်ကြောင်းသိရသည်။

# ဂျာမနီအနိုင်ရရှိပြီး အင်္ဂလန်သရေကျခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလား ဥရောပဖုန်ခြေစစ်ပွဲစဉ်များ




**ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် အောက်တိုဘာ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည့် ဥရောပဖုန်ခြေစစ်ပွဲစဉ်များတွင် ဂျာမနီအသင်းသည် အိမ်ကွင်းတွင် နိုင်ပွဲရရှိခဲ့ပြီး အင်္ဂလန်အသင်းမှာမူ အဝေးကွင်းတွင် သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။**

ဂျာမနီအသင်းသည် မြောက်အိုင်ယာလန်အသင်းနှင့် ပွဲစဉ်တွင် ဂျူလီယန်ဒရက်ဇ်လာနှင့် ဆာမီခီဒီယာတို့ ၏ ပထမပိုင်းသွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အုပ်စု(C)တွင် သုံးပွဲကစားအပြီး သုံးပွဲစလုံးအနိုင်ရရှိကာ အုပ်စုအဆင့်တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

ခီဒီယာသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းအား ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမှာ ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးသွင်းယူနိုင်ခဲ့သည့် နိုင်ငံတကာသွင်းဂိုးလည်း ဖြစ်လာခဲ့သည်။ ဂျာမနီအသင်းနည်းပြ ဂျိုအာချင်လိုးသည်လည်း မြောက်အိုင်ယာလန်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် ဂျာမနီလက်ရွေးစင်အသင်းနည်းပြဘဝနှင့် ၉၄ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်လာခဲ့ပြီး နည်းပြဆပ်ဟာဘာဂါ၏ စံချိန်ကို လိုက်မီနိုင်ခဲ့ပြီဖြစ်သည်။ မြောက်အိုင်ယာလန်အသင်းမှာမူ ဂျာမနီအသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် ရမှတ်လေးမှတ်သာရရှိခဲ့ပြီး အုပ်စုအဆင့်တွင် တတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

အဝေးကွင်းသို့ သွားရောက်ကစားခဲ့ရသည့် အင်္ဂလန်အသင်းမှာမူ ဆလိုဗေးနီးယားအသင်းကို ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်အောင်ကစားနိုင်ခဲ့ခြင်းကြောင့် သုံးပွဲကစားအပြီးတွင် နည်းပြဆော့ဂိတ်၏ အင်္ဂလန်အသင်းသည် ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စု(F)တွင် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ဆလိုဗေးနီးယားအသင်းနှင့် ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းသည် အင်္ဂလန်အသင်းနောက်ဆုံးကစားခဲ့သည့် ကမ္ဘာ့ဖလားနှင့် ဥရောပခြေစစ်ပွဲစဉ် ၃၂ ပွဲတွင် ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီး ယင်းပွဲစဉ် ၃၂ ပွဲတွင် ၂၄ ပွဲအနိုင်ရရှိထားကာ ရှစ်ပွဲမှာ သရေရလဒ်ထွက်ပေါ်ထားခဲ့သည်။ အင်္ဂလန်အသင်းသည် လာမည့်ကမ္ဘာ့ဖလား ဥရောပဖုန်ခြေစစ်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၁ ရက်တွင် စကော့တလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆလိုဗေးနီးယားအသင်းမှာမူ မယ်လ်တာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(F)၏ အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် ဆလိုဗက်ကီးယားအသင်းနှင့် စကော့တလန်အသင်းတို့၏ ပွဲစဉ်တွင် ဆလိုဗက်ကီးယားအသင်းသည် ရောဘတ်မက်ခ်၏ သွင်းဂိုးနှစ်ဂိုးနှင့် အဒမ်နီမက်၏ သွင်းဂိုးတစ်ဂိုးတို့ဖြင့် ဧည့်သည်စကော့တလန်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အုပ်စုအဆင့်သုံးပွဲကစားအပြီးတွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။

ထို့ကြောင့် ဆလိုဗက်ကီးယားအသင်းသည် အုပ်စုအဆင့်တွင် အဆင့်(၅)နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး စကော့တလန်အသင်းမှာမူ အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ဆလိုဗက်ကီးယားအသင်းသည် လာမည့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၁ ရက်တွင် လစ်သူရေးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(C)၏ အခြားသောပွဲစဉ်များအဖြစ် ချက်အသင်းနှင့် အဇာဘိုင်ဂျန်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နော်ဝေအသင်းနှင့် ဆမ်မာရီနိုအသင်းတို့၏ ပွဲစဉ်တွင် နော်ဝေအသင်းက ဆမ်မာရီနိုအသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ နော်ဝေအသင်းသည် ဆမ်မာရီနိုအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အုပ်စုအဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး လာမည့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၁ ရက်တွင် ချက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(E)တွင် ကာဇက်စတန်အသင်းနှင့် ရိုမေးနီးယားအသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဒိန်းမတ်အသင်းနှင့် မွန်တီနီဂရိုးအသင်းတို့ပွဲစဉ်တွင် မွန်တီနီဂရိုးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပိုလန်အသင်းနှင့် အာမေးနီးယားအသင်းတို့ပွဲစဉ်တွင် ပိုလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ ပိုလန်အသင်းသည် ကစားသမားတစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည့် အာမေးနီးယားအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အုပ်စုအဆင့်တွင် မွန်တီနီဂရိုးအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး မွန်တီနီဂရိုးအသင်းမှာ အုပ်စုအဆင့်တွင် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။

ပိုလန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ရိုမေးနီးယားအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ပြီး မွန်တီနီဂရိုးအသင်းမှာ နိုဝင်ဘာ ၁၁ ရက်တွင် အာမေးနီးယားအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။

(ငွေကြယ်)

# ချီလီအသင်းနှင့် ဘရာဇီးအသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး အာဂျင်တီးနားအသင်း အိမ်ကွင်း၌ ရှုံးပွဲကြုံခဲ့

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ တောင်အမေရိကဇုန်ခြေစစ်ပွဲစဉ်များတွင် ချီလီအသင်းနှင့် ဘရာဇီးအသင်းတို့သည် နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး အာဂျင်တီးနားအသင်းမှာမူ အိမ်ကွင်းတွင် ရှုံးပွဲကြုံခဲ့ရသည်။




ချီလီအသင်းနှင့် ပီရူးအသင်းတို့၏ပွဲစဉ်တွင် ချီလီအသင်းသည် တိုက်စစ်မှူးဗီဒယ်၏ ပွဲကစားချိန် ၁၀ မိနစ်နှင့် ၈၅ မိနစ်တို့တွင် သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးဖြင့် ပီရူးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပီရူးအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၇၆ မိနစ်တွင် အက်ဒီဆင်ဖလောရက်စ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ချီလီအသင်းသည် နိုင်ပွဲရရှိခဲ့သော်လည်း အဆင့်(၇)နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ဘရာဇီးအသင်းသည် ဗင်နီဇွဲလားအသင်းနှင့် ကစားခဲ့ရပြီး အဝေးကွင်းတွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘရာဇီးအသင်းအတွက် သွင်းဂိုးများကို ဝီလီယံနှင့် ဂတ်ဘရီးဂျီးဆပ်တို့က သွင်းယူပေးခဲ့ပြီး ဗင်နီဇွဲလားအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် လက်ရှိတွင် အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိသည်။

အခြားသောပွဲစဉ်များအဖြစ် ဘိုလီးဗီးယားအသင်းနှင့် အီကွေဒေါအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေ၊ ကိုလံဘီယာအသင်းနှင့် ဥရုဂွေးအသင်းတို့ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေ စသည်ဖြင့် ရလဒ်များ အသီးသီး ထွက်ပေါ်ထားသည်။

အာဂျင်တီးနားအသင်းမှာမူ ပါရာဂွေးအသင်းကို အိမ်ရှင်အဖြစ်လက်ခံကစားခဲ့ရသော်လည်း ပါရာဂွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီး အဆင့်(၅)နေရာတွင် ရပ်တည်လျက်ရှိသည်။ လက်ရှိတွင် တောင်အမေရိကဇုန် ခြေစစ်ပွဲစဉ် ၁၀ ပွဲအထိ ကစားထားခဲ့ပြီး ဘရာဇီးအသင်း၊ ဥရုဂွေးအသင်း၊ အီကွေဒေါအသင်းနှင့် ကိုလံဘီယာအသင်းတို့မှာ ထိပ်ဆုံးတွင် အဆင့်အလိုက်တန်းစီရပ်တည်လျက်ရှိသည်။

တောင်အမေရိကဇုန်ခြေစစ်ပွဲစဉ်များတွင် အုပ်စုခွဲထားခြင်းမရှိဘဲ ၁၀ သင်းစလုံးကစားခဲ့ရပြီး ထိပ်ဆုံးလေးသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ကာ အဆင့်(၅)နေရာ၌ ရပ်တည်နေသည့် အသင်းသည် ရှုံးထွက်ပွဲစဉ်ကစားပြီးမှသာ ဝင်ခွင့်ရရှိမည်ဖြစ်သည်။

(ငွေကြယ်)

## ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု မက်ဆီရသင့်ဟု ရော်နယ်ဒင်ဟိုပြောကြား

၂၀၁၆ ခုနှစ်အတွင်း ပေးအပ်ချီးမြှင့်မည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုမှာ ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီရသင့်ကြောင်း ရော်နယ်ဒင်ဟိုက ပြောကြားလိုက်သည်။ ရော်နယ်ဒင်ဟိုနှင့် မက်ဆီတို့သည် ဘာစီလိုနာအသင်းတွင် ဘောလုံးရာသီပေါင်းများစွာအတူလက်တွဲကစားခဲ့ကြသူများဖြစ်ပြီး နောက်ပိုင်းတွင် ရော်နယ်ဒင်ဟိုမှာ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ရော်နယ်ဒင်ဟိုအနေဖြင့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို မက်ဆီရသင့်ကြောင်း ပြောကြားခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမားကာဆီမီရိုကမူ ယခုနှစ်အတွက် ပေးအပ်ချီးမြှင့်မည့် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို အသင်းကစားဖော် စီရိုနယ်လ်ဒို ရရှိလိမ့်မည်ဟု ပြောကြားခဲ့သည်။

ယင်းသို့ပြောကြားခဲ့ခြင်းမှာ တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည် ချန်ပီယံလိဂ်ဆုဖလားကို ရီးယဲလ်မက်ဒရစ်အသင်းအတွက် ရယူပေးနိုင်ခဲ့သည့်အပြင် ပေါ်တူဂီအသင်းအတွက်လည်း ယူရို ၂၀၁၆ ဆုဖလားကို ရယူပေးနိုင်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုသည်။

လက်ရှိတွင် ဖီဖာကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူးမက်ဆီက ငါးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာမူ သုံးကြိမ်ဆွတ်ခူးထားနိုင်ခဲ့သည်။

(ငွေကြယ်)



## မာတ်အားခွဲရုံသစ်တည်ဆောက်ရေးလုပ်ငန်းပြီးစီး၍ဗန်းမောက်မြို့ပေါ်နှင့်ကျေးရွာများတွင် လွယ်ကူစွာဖြင့်လျှပ်စစ်မီးရယူသုံးစွဲနိုင်တော့မည်ဖြစ်

**ဗန်းမောက် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြို့ပေါ် နှင့်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား ဗို့အားပြည့် အသုံးပြုနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သည့် ဗန်းမောက်ဓာတ်အားခွဲရုံသစ် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပြီဖြစ်၍ အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီခွဲက စတင်ကာ လျှပ်စစ်ဓာတ်အား စမ်းသပ်ပို့လွှတ်နေပြီဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့နယ် လျှပ်စစ်ဓာတ်အား ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ပြည်ထောင်စုရန်ပုံငွေဖြင့် အင်းတော်-ဗန်းမောက် ၃၃ ကေဗွီလိုင်း (၂၇)မိုင်သွယ်တန်းခြင်း၊ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ ဆောက်လုပ်ခြင်းလုပ်ငန်းများပြီးစီး၍ လျှပ်စစ်ဓာတ်အားစတင်ပို့လွှတ်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွှန့်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးသန့်ထွန်းနှင့် တိုင်းအဆင့်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဗန်းမောက်မြို့ ဓာတ်အားခွဲရုံတည်ဆောက်မှုနှင့် ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများအားလုံး ပြီးစီးနေပြီဖြစ်၍ လယ်နက်ကြီးကျေးရွာအုပ်စု ပေကုန်းကျေးရွာနှင့် နားယောကျေးရွာများမှ ဓာတ်အားလိုင်း တည်ဆောက်မှုပြီးစီးပါက ၎င်းကျေးရွာများသို့ ဗန်းမောက်ဓာတ်အားခွဲရုံမှ ခွဲပေးသွားမည်ဖြစ်ကြောင်း၊ မြို့နှင့် ခြောက်မိုင်အကွာအဝေးရှိသော ကျေးရွာခြောက်ရွာနှင့် အရှည်သုံးမိုင်ရှိ ကျေးရွာခြောက်ရွာရှိပြီး ဗန်းမောက်-လယ်နက်ကြီး ၁၁ ကေဗွီဓာတ်အားလိုင်းတည်ဆောက်မှုများလည်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဗန်းမောက်မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအနေဖြင့် ယခင်ကထက် လျှပ်စစ်ဓာတ်အားကို လုပ်ငန်းသုံးနှင့် အိမ်သုံးများကို ပိုမိုသုံးစွဲတော့မည်ဖြစ်သည်။ ဗန်းမောက်မြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အသစ်သွယ်တန်းမည့်ကျေးရွာများအနေဖြင့် ဗန်းမောက်ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားကို လွယ်ကူစွာ ရယူသုံးစွဲနိုင်မည့် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ကျော်စွာ(ဗန်းမောက်)**

# မြန်မာခရမ်းချဉ်သီးပေါ်လာသော်လည်း အင်းလေးခရမ်းချဉ်သီးဈေးကောင်းရ

**မန္တလေး အောက်တိုဘာ ၁၂**

မြန်မာခရမ်းချဉ်သီးပေါ်ပါက ဈေးကျလေ့ရှိပြီး ယခုအချိန်ထိ အင်းလေးခရမ်းချဉ်သီးဈေးကောင်းရရှိကာ ခရမ်းချဉ်သီး ၃၁ ပိဿာ လျှင် ကျပ် ၂၃၀၀၀ ဈေးရှိကြောင်း အင်းလေးဒေသခံ ခရမ်းချဉ်စိုက်တောင်သူတစ်ဦးကပြောသည်။

"ခရမ်းချဉ်သီးကို အဓိကထားစိုက်ပျိုးပါတယ်။ တစ်နှစ်ကို နှစ်သီးစိုက်ပျိုးတယ်။ ဈေးကောင်းရင်တော့ အဆင်ပြေပါတယ်။ ဈေးမကောင်းတဲ့အခါကျ အလကားပေးရင်တောင်ယူမယ့်သူမရှိဘူး။ ရွှေညောင်က ကုန်သည်တွေဆီကို ရောင်းတယ်။ သူတို့ဆီကမှတစ်ဆင့် မြန်မာပြည်အနှံ့ကို ရောင်းချတယ်။ မြန်မာပြည်က ခရမ်းချဉ်သီးပေါ်ရင်တော့ ခရမ်းချဉ်သီးဈေးကျတတ်ပါတယ်။ တစ်ခါစိုက်ပြီးရင် သုံးလလောက်စားရတယ်" ဟု ၎င်းကပြောပြသည်။

ခရမ်းချဉ်သီးများကို ကျွန်းမျောများပေါ်တွင်စိုက်ပျိုးကာ အလျားပေ ၁၀၀ အနံပေ ၆၀၀ ကျွန်းမျောစိုက်ခင်းအသစ်တစ်ခုပြုလုပ်လျှင် ကျပ် လေးသိန်းကျော်ခန့် ကုန်ကျစရိတ်ရှိပြီး အဟောင်းများပေါ်တွင်စိုက်ပျိုးပါက ကျပ် နှစ်သိန်းဝန်းကျင်လောက်သာ ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

"ကျွန်းမျောအသစ်တစ်ခု လုပ်မယ်ဆို အချိန်လဲပေးရတယ်။ ကျွန်းမျောအသားကျသွားအောင် မြေဩဇာတွေနဲ့ လုပ်ရတယ်။ ခရမ်းချဉ်စိုက်ခင်းတစ်ခု လုပ်မယ်ဆို မြေဩဇာစရိတ် တိုင်ထောင်ဖို့အတွက် ဝါးလုံးစရိတ်နဲ့ဆိုတော့ ပိုပြီးစရိတ်ကြီးတယ်။ အဟောင်းကတော့ အဲ့လောက် ကုန်ကျစရိတ်မရှိဘူး။ ဈေးကောင်းတဲ့အခါကျ အဆင်ပြေပါတယ်။ ဈေးမကောင်းရင်အရင်းရှုံးတယ်"ဟု ဆက်လက်ပြောကြားသည်။

တစ်နှစ်တွင် နှစ်ကြိမ်ခရမ်းချဉ်စိုက်ပျိုးကာ နှစ်လကျော်အကြာတွင် စတင်ခူးဆွတ်ရပြီး တစ်ပတ်ခြားတစ်ခါခူးဆွတ်၍ ပွဲစားများထံရောင်းချရကြောင်းထိုမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပြီး ခရမ်းချဉ်သီးကို တန်ခူးလနှင့် တန်ဆောင်မုန်းလတို့တွင် စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

အင်းလေးခရမ်းချဉ်သီး ဈေးကောင်းလျှင် ၃၁ ပိဿာကို ကျပ် ၃၅၀၀၀ ထိရပြီး ယခင်နှစ်က ကျပ် ၁၈၀၀၀ ဝန်းကျင်ရှိကာ ယခုနှစ် ခရမ်းချဉ်သီးဈေးသည် တောင်သူများအတွက် အဆင်ပြေသော ဈေးနှုန်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေးဆွေးနွေးဟောပြော

**ကျောက်မဲ အောက်တိုဘာ ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ရုံး ရဲကျော်စွာခန်းမ၌ ကျောက်မဲခရိုင် ရဲတပ်ဖွဲ့ရုံးကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်များအား အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေး ဆွေးနွေးဟောပြောပွဲသို့ ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲမှူးထွေးဝင်း၊ ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ရုံး ကွပ်ကဲမှုအောက်ရှိ မြို့နယ်မှူးများ၊ ခရိုင်ရဲရုံးရှိ ဦးစီးအရာရှိများ၊ ဌာနစိတ်အရာရှိများ၊ မြို့မစခန်းမှူးများ၊ နယ်မြေစခန်းမှူးများ၊ ရဲကင်းမှူးများ၊ အမှုစစ်အရာရှိများအား လူကုန်ကူးမှုတားဆီးရေး အမှတ်(၁၆) လားရှိုးတပ်ဖွဲ့စုမှူး ရဲမှူးအောင်လွင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုမှ ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ် ၁/၂၀၁၆ အားလည်းကောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှု ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းသည့် အမိန့်တို့အား အကျယ်တဝင့် ဆွေးနွေးခဲ့သည်။ **ကျောက်မဲခရိုင်ပြန်/ဆက်**

## မုံရွာမြို့ဆုတောင်းပြည့်မြတ်စွာဘုရားကြီးဗုဒ္ဓပူဇနီယပွဲတော်၌သံဃာအပါး၅၀၀၀ကျော်အားဆွမ်းသပိတ်များလောင်းလှူမည်

**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အထင်ကရပွဲတော်ကြီးအဖြစ် နှစ်စဉ်စည်ကား သိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားကြီးပွဲတော်၌ အောက်တိုဘာ ၂၄ ရက် (သီတင်းကျွတ်လပြည့်ကျော် ၈ ရက်)တွင် မြို့ပေါ် ရပ်ကွက်အားလုံးမှ အလှူရှင်များက သံဃာတော် အပါး ၅၀၀၀ ကျော်အား လှူဖွယ်စုံစွာဖြင့် ဆွမ်းသပိတ်များ လောင်းလှူကြမည်ဖြစ်ကြောင်းသိရသည်။

ဘုရားပွဲတော် ကျင်းပမည့် အခြေအနေနှင့် ပတ်သက်၍ ဂေါပကတစ်ဦးက "ဆုတောင်းပြည့်မြတ်စွာဘုရားကြီးပွဲကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ သီတင်းကျွတ်လကွယ်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ရှေးထုံးအစဉ်အလာအတိုင်း ဒီပွဲတော်ကြီးမှာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာ မိဘပြည်သူများက ဆုတောင်းပြည့်မြတ်စွာဘုရားကြီးအား ဆွမ်းတော်နှင့် ရွှေသင်္ကန်းတော်၊ ပန်းရေချမ်းတော်များ ကပ်လှူခြင်း၊ ဆီမီးအလင်းရောင်များ ပူဇော်ကြတယ်။ ဒါ့အပြင် မြို့လုံးကျွတ်သံဃာ အပါး ၅၀၀၀ကျော်နှင့် အာဂန္တုသံဃာတွေကို အလှူရှင်တွေက ဆွမ်းသပိတ်တွေ လောင်းလှူခြင်း၊ ရပ်ဝေးရပ်နီးမှ ဘုရားပွဲတော်သို့ လာရောက် အပန်းဖြေနားနေ စားသောက်ရင်း ကြည့်ချင်ပွဲများနှင့် ဈေးတန်းများ ခင်းကျင်းကြပြီး ရောင်းဝယ်ကြတဲ့ မုံရွာမြို့၏ အထင်ကရ ပွဲတော်ကြီးဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်ကနေ ဒီပွဲတော်ကြီးကို လာရောက်ကြမည့် မိဘပြည်သူတွေ စိတ်အေးချမ်းမြေ့စွာ လာရောက်နိုင်ရေး ဘက်စုံ ကဏ္ဍစုံကနေ လုပ်ငန်းကော်မတီတွေဖွဲ့ပြီး ကြိုတင်ဆောင်ရွက်ထားပါတယ်"ဟုပြောကြားသည်။

အဆိုပါ ဆုတောင်းပြည့်ဘုရားသမိုင်းနှင့်ပတ်သက်၍ ဆက်လက် ပြောကြားရာတွင် "ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသည် သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်သော မုဠောစေတီ ၈၄၀၀၀ တို့တွင် တစ်ဆူအပါအဝင်ဖြစ်ပါတယ်။ ပုဂံပြည် အနော်ရထာမင်းလက်ထက် ဘသူကြွယ်မင်းသားက အလုံမြို့တွင် ထီးနန်းစိုက် မင်းပြုတော်မူရာ၌ မုန့်သည် အမျိုးသမီးကိုကြင်ရာ မြောက်ရာ၊ ထိုမင်းနှင့် မိဖုရားတို့က မုဠောစေတီကို ဉာဏ်တော် ၄၅ တောင်အထိ တိုးမြှင့် တည်ထားပြီး ဘွဲ့တော်ကို ဆုတောင်းပြည့်စေတီဟု ပြင်ဆင်ပူဇော်ခဲ့ကြပါတယ်။"

"ထိုဉာဏ်တော် ၄၅ တောင်ရှိ ဆုတောင်းပြည့် စေတီမှာ မြန်မာသက္ကရာဇ် ၁၂၅၁ ခုနှစ်၊ တန်ဆောင်မုန်းလတွင် မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ပြိုကျပျက်စီးခဲ့ပါတယ်။ ၁၂၅၄ ခုနှစ်မှာ ယင်းအပျက်အစီးတွေကို ပြုပြင်ရန် ကျေးဇူးတော်ရှင် ပထမ လယ်တီဆရာတော်ကြီးအမှူးရှိသော ဆရာတော်ကြီးများနှင့် မြို့တာဝန်ရှိသူတွေ စုဝေးတိုင်ပင်ကြပြီး မူလအပျက်အစီးမှ ကြွင်းကျန်သော စေတီတော်ကိုငုံ၍ ဉာဏ်တော် ၁၀၅ တောင် အထိ ဉာဏ်တော်မြင့်အောင် တည်ထားကိုးကွယ်ရန် ဆုံးဖြတ်ခဲ့ကြပြီး ၁၂၅၅ ခုနှစ် သီတင်းကျွတ်လတွင် အုတ်မြစ်ချ အစပြုခဲ့ရာမှ ခေတ်အဆက်ဆက် ဆရာတော်၊ သံဃာတော်များ၊ ရဟန်းပုဂ္ဂိုလ်များ၊ စေတနာ သဒ္ဓါတရား ထက်သန်ကြသည့် လူပုဂ္ဂိုလ်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ယနေ့ကာလမှာ ဖိနပ်တော်မှ ငှက်ပျောဖူးတော်အထိ ဉာဏ်တော် ၁၀၃ ပေ ခြောက်လက်မအထိ တည်ထားကိုးကွယ်နိုင်ခဲ့ပါတယ်။ ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူဖြစ်ပြီး ဆုတောင်းပြည့်သည့်အတွက် နေ့စဉ်အနယ်နယ်အရပ်ရပ်မှ လာရောက် ဖူးမြော်သူတွေ များပြားပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီးပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ အဝတ်အထည်များ၊ ကြွေထည်၊ ဖန်ထည်၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုးနှင့် ဒေသထွက်ကုန်များ ရောင်းချကြပြီး နှစ်စဉ်ကြိတ်ကြိတ်တိုးစည်ကားသည့် မြို့၏အထင်ကရ ပွဲတော်ကြီးတစ်ခုဖြစ်ပြီး အောက်တိုဘာ ၇ ရက်ထုတ်ကြေးမုံသတင်းစာတွင် မုံရွာမြို့ ရွှေစည်းခုံစေတီသီတင်းကျွတ်ဘုရားပွဲတော်ဆိုပြီး ခေါင်းစီးစာသားပါရှိခဲ့သော်လည်း အမှန်မှာ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး၏ ပွဲတော်ဖြစ်ကြောင်းနှင့် အဆိုပါ ဘုရားနှစ်ဆူကြား ဘုရားကြီးလမ်းပေါ်တွင် ဆိုင်ခန်းများခင်းကျင်းရောင်းချကြကြောင်း သိရသည်။ **ဖိုးချမ်း (မုံရွာ)**

## ပုလဲမြို့၌သမိုင်းဝင်ဆင်မြတ်ရှင်ဘုရားဗုဒ္ဓပူဇနိယမဟာဒုက်ပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပမည်



**ပုလဲ အောက်တိုဘာ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့၌ ၈၇ ကြိမ်မြောက် သမိုင်းဝင် ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနိယ မဟာဒုက်ပွဲတော်ကို ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်မှ ၅ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"သမိုင်းဝင် ဆင်မြတ်ရှင်ဘုရားရဲ့ ဗုဒ္ဓပူဇနိယမဟာဒုက်ပွဲတော်ကို ၁၂၉၁ ခုနှစ်ကတည်းကကျင်းပခဲ့တာ အခုနှစ်ဆိုရင် ၈၇ ကြိမ်မြောက် ရောက်ခဲ့ပါပြီ။ ဆရာ၊ ဒကာ ညီညွတ်စွာဖြင့် လက်တွဲညီညီဆောင်ရွက်ခဲ့တာကြောင့် ဘုရား၊ စေတီ၊ တန်ဆောင်းတို့မှာ လျှပ်စစ်မီး၊ ဆလိုက်မီးတို့နဲ့ ခမ်းခမ်းနားနားဖြစ်နေပါပြီ။ အရင်နှစ်က ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များ၊ ပုဂ္ဂလိက အလှူရှင်များနဲ့ ကျေးရွာများက လှူဒါန်းတဲ့ သပိတ်လုံးပေါင်း ၄၇ လုံးနဲ့ အလှူငွေပေါင်း သိန်း ၁၂၀ ကျော် ရှိခဲ့ပါတယ်။ အဲဒီ ဆွမ်းသပိတ်လုံးများမှ လှူဒါန်းတဲ့ ဗုဒ္ဓပူဇာ အလှူငွေများနဲ့ နှစ်စဉ် ဘုရားလောင်း ပလလဲတောအုပ်မှာ ဆင်မင်းဘဝက နေထိုင်ခဲ့တဲ့ သမိုင်းမှတ်တမ်းပန်းချီကားများ၊ ဆင်ဖြူတော်ရုပ်တုနဲ့ ဇရပ်၊ သာသနိက အဆောက်အအုံများ၊ ဘုရားရင်ပြင် ကြွေပြားခင်းခြင်းလုပ်ငန်းများကို ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ဗုဒ္ဓပူဇာအလှူငွေများကို မြန်မာ့စီးပွားရေးဘဏ်မှာ ငွေစုစာအုပ်ပြုလုပ်ပြီး စနစ်တကျ ထိန်းသိမ်းထားရှိပါတယ်" ဟု မြို့မိမြို့ဖ ဦးညွန့်ငွေက ပြောသည်။

ပုလဲမြို့၌ ကျင်းပပြုလုပ်မည့် ၈၇ ကြိမ်မြောက် သမိုင်းဝင် ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနိယမဟာဒုက်ပွဲတော်တွင် သီတင်းကျွတ် လပြည့်ကျော် ၃ ရက်ညမှ စတင်၍ မြို့ပေါ်ရပ်ကွက်များ၌ မြန်မာ့ဆိုင်းတော်မင်္ဂလာနှင့်တွဲဖက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအကအလှပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏ ဆွမ်းသပိတ်လုံးများ၊ ပုဂ္ဂလိက ဆွမ်းသပိတ်လုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၏ ဆွမ်းသပိတ်လုံးများ၊ လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များဖြင့် စီတန်းလှည့်လည်ကာ ဆင်မြတ်ရှင်ဘုရား ရင်ပြင်တော်တွင် စုစည်းကြပြီး နံနက် ၁၀ နာရီတွင် ပင့်သံဃာအပါး ၅၀ ကျော်နှင့် ဆင်မြတ်ရှင်ဘုရား၏ မြသပိတ်တော်ကို စာရေးတံမဲဖောက်၍ လှူဒါန်းမည်ဖြစ်ကြောင်းနှင့်ညပိုင်းတွင် ဘုရားပွဲလာ ဧည့်ပရိသတ်များအား မိုးယံဇာတ်သဘင်ဖြင့် ဧည့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်ထိန်းတပ်ဖွဲ့ကူညီပေး

**တောင်သာ အောက်တိုဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့တွင် မော်တော်ယာဉ်မျိုးစုံနှင့် မော်တော်ဆိုင်ကယ်အသွားအလာ များပြားလာသဖြင့် မြို့တွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ မြို့ရှောင်လမ်းမရှိခြင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများ မြို့တွင်းလမ်းဘေးဝဲယာတွင် စည်းကမ်းမဲ့စွာ ရပ်နားသွားလာခြင်းကြောင့် မြို့တွင်းရှိ အ-ထ-က နှင့် အ-မ-က ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းသွား၊ ကျောင်းပြန်ခရီးတွင် ယာဉ်အန္တရာယ်စိုးရိမ်နေရသည်။

သို့သော် တောင်သာမြို့ယာဉ်ထိန်းတပ်ဖွဲ့ မြို့မရဲတပ်ဖွဲ့တာဝန်ခံ တပ်ကြပ်အောင်ကျော်ဖြိုး ဦးစီးသည့်အဖွဲ့က မင်းစု၊ တောင်သာ အ-ထ-က များမှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်၊ ကျောင်းဆင်းအချိန်များ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကူညီစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**



## လူကုန်ကူးမှုကို ပီပြင်စွာသိရှိပြီး အမှုခိုင်မာစွာ တည်ဆောက်နိုင်ရေးဟောပြော

**မော်လိုက် အောက်တိုဘာ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ ပီပြင်စွာသိရှိပြီး အမှုခိုင်မာစွာ တည်ဆောက်နိုင်ရေး ဆွေးနွေးဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီက အဆိုပါခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မော်လိုက်ခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲထွဋ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး အမှတ်(၁၄) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ် (ကလေး)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုဖြစ်ပွားရခြင်း အကြောင်းအရင်းများ၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုကွဲပြားခြားနားချက်နှင့် အမှုဖွင့်အရေးယူမှုတွင် အမှုစစ်အရာရှိများအနေဖြင့် အမှုခိုင်မာစွာတည်ဆောက်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များအား ရဲတပ်ဖွဲ့ဝင်များ သိရှိနားလည်သဘောပေါက်စေရန် အကျယ်တဝင့်ဆွေးနွေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

ယင်းဆွေးနွေးဟောပြောပွဲသို့ မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၄၅ ဦး၊ စာရေးဝန်ထမ်းသုံးဦး စုစုပေါင်း ၅၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မော်လိုက်သားလေး**

## ကိုယ်ဝန်ဆောင် စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်း ဆောင်ရွက်

**ကျောက်မဲ အောက်တိုဘာ ၁၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှင့် ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေး လုပ်ငန်းများကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက အမှတ် ၁ ရပ်ကွက်ရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုတွင် ကျောက်မဲခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းဓာတ်ပြည့်ဝစွာ မပါဝင်သော ဆားများကိုစားသုံးခြင်းဖြင့် ကိုယ်ဝန်ဆောင်မိခင်များ သားပျက်ခြင်း၊ မွေးဖွားလာသော ကလေးများမှ ကိုယ်အင်္ဂါချို့တဲ့ခြင်းနှင့် ဦးနှောက်ဉာဏ်ရည်မမီခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အပြင် လည်ပင်းကြီးရောဂါများပါ ဖြစ်ပွားနိုင်ကြောင်းပြောကြားသည်။

ကျန်းမာရေးဌာနမှ အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်ဇီဝါထွန်းက ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် ပတ်သက်၍ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ဂျပန်ဦးနှောက်ရောင်ရောဂါပိုး (JE Virus) ပိုးသယ်ဆောင်လာသော ကျူးလက်ခြင်ကိုက်ခြင်းကြောင့်ဖြစ်ကြောင်း၊ အဆိုပါခြင်သည် ရေပုပ်ရေသိုးတွင် ပေါက်ဖွားခြင်းကြောင့် အသက် ၁၅ နှစ်အောက် ကလေးများတွင် အဖြစ်များကြောင်း၊ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့် ဗီကာဗိုင်းရပ်စ် ရောဂါကူးစက်ပြန့်ပွားပုံနှင့် စတင်ဖြစ်ပွားသည့် အခြေအနေများ ရောဂါကူးစက်ခံရပါက ကိုယ်ဝန်ဆောင်မိခင်လောင်းများတွင် ဦးခေါင်းသေးငယ်သည့် ကလေးများ မွေးဖွားမှုဖြစ်စဉ်များကို ကြိုတင်ကာကွယ် ရေးလုပ်ဆောင်ရမည့် နည်းလမ်းများအား အသိပညာပေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောက်မဲမြို့ပေါ်မှ ကိုယ်ဝန်ဆောင် မိခင်များအား ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကိုယ်ဝန်ဆောင်တစ်ဦးလျှင် ကလေးစောင်တစ်ထည်၊ ကြက်ဥနှင့် အိုင်အိုဒင်းဆားတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ကျောက်မဲခရိုင်ပြန်/ဆက်)**

## စားသုံးရန်မသင့်ဟုထုတ်ပြန်ထားဆဲဖြစ်သော စားသောက်ကုန်ပစ္စည်းများစစ်ဆေး

**ကလေး အောက်တိုဘာ ၁၂**
ကလေးမြို့တွင် FDA မှ စားသုံးရန်မသင့်ဟုထုတ်ပြန်ထားဆဲဖြစ်သောစားသောက်ကုန်များ ရက်လွန်မှု ရှိ-မရှိ၊ မှိုတက်၍ အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများ ရောင်းချနေမှုရှိ-မရှိတို့ကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက ကလေးမြို့ တာဟန်းဈေးအတွင်းသို့လိုက်လံစစ်ဆေးကာ အန္တရာယ်ဖြစ်စေနိုင်သော လူသုံးကုန်ပစ္စည်းများရောင်းချခြင်းမပြုရန် အသိပညာပေးဆွေးနွေးကြကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးအသိပညာပေးဆွေးနွေးရာတွင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဈေးတာဝန်ခံ၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ ကျန်းမာရေးတာဝန်ခံနှင့် တာဟန်းအုပ်ချုပ်ရေးမှူးတို့ပူးပေါင်း၍ ဈေးအတွင်း လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဂျိုးနက်**



## မြစ်ကမ်းပါးတိုက်စားမှုများကာကွယ်ရန် ငွေကျပ် ၁၆၄၅ သန်းကျော် အသုံးပြုမည်

**ထီးချိုင့် အောက်တိုဘာ ၁၂**
ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြီးများ ရေရှည်တည်တံ့ရေးနှင့် မြစ်ကမ်းပါးတိုက်စားမှုများမှကာကွယ်ရန်အတွက် မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကသာခရိုင်အပါအဝင် ခရိုင်ခြောက်ခုတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၁၆၄၅ ဒသမ ၄၁ သန်းအကုန်ကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ ကျောက်စီတမံတည်ဆောက်ခြင်းနှင့် လမ်းချဲ့ခြင်းတို့အတွက် ငွေကျပ်သန်း ၇၀ နှင့် ထီးချိုင့်မြို့ ပန်းရွှေဝါပိတောက်လှရပ်ကွက်၌ မြစ်ကမ်းပြိုမှုအတွက် ကျောက်စီတမံတည်ဆောက်ခြင်းအား ငွေကျပ်သန်း ၁၅၀ ခွဲဝေချထားပေးပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းအပြီးဆောက်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခွဲမာန် (ထီးချိုင့်)**

လာလီဂါရင်ခုန်သံ-၈

# နိုင်ပွဲပြန်လည်ရယူသွားမယ့် ဘာစီလိုနာ

စပိန်လီဂါပွဲစဉ်တွေကို လာမယ့်အောက်တိုဘာ ၁၅၊ ၁၆၊ ၁၇၊ ၁၈ နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပြန်လည်ကျင်းပပြုလုပ်သွားမယ့် လာလီဂါပွဲစဉ် (၈) မှာတော့ ရီးယဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့နိုင်ပွဲပြန်လည်ရယူနိုင်မလား ဆိုတာကိုစောင့်ကြည့်ရ ဖို့ရှိနေပါတယ်။

**ရှိုင်းမင်းမင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ဂရစ်ဇ်မန်း( အက်သလက်) | - ၆ ဂိုး |
| ဆွာရက်ဇ်( ဘာစီလိုနာ) | - ၅ ဂိုး |
| အဒူရစ်ဇ်( ဘီဘာအို) | - ၄ ဂိုး |
| ဆန်းတို့စ်( ဘာစီလိုနာ) | - ၄ ဂိုး |
| ဆန်ဆိုနီ(ဗီလာရီးယဲလ်) | - ၄ ဂိုး |
| မက်ဆီ( ဘာစီလိုနာ) | - ၄ ဂိုး |




ပွဲစဉ် (၇)အပြီး အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | အက်သလက်တီကို | ၇ | ၄ | ၃ | ၀ | ၁၄ | ၂ | ၁၂ | ၁၅ |
| ၂ | ရီးယဲလ်မက်ဒရစ် | ၇ | ၄ | ၃ | ၀ | ၁၆ | ၇ | ၉ | ၁၅ |
| ၃ | ဆီဗီလာ | ၇ | ၄ | ၂ | ၁ | ၁၃ | ၁၀ | ၃ | ၁၄ |
| ၄ | ဘာစီလိုနာ | ၇ | ၄ | ၁ | ၂ | ၂၂ | ၁၀ | ၁၂ | ၁၃ |
| ၅ | ဗီလာရီးယဲလ် | ၇ | ၃ | ၄ | ၀ | ၉ | ၄ | ၅ | ၁၃ |
| ၆ | ဘီဘာအို | ၇ | ၄ | ၀ | ၃ | ၁၀ | ၈ | ၂ | ၁၂ |
| ၇ | လက်စ်ပဲလ်မက်စ် | ၇ | ၃ | ၂ | ၂ | ၁၆ | ၁၃ | ၃ | ၁၁ |
| ၈ | အီဘား | ၇ | ၃ | ၂ | ၂ | ၉ | ၇ | ၂ | ၁၁ |
| ၉ | ဆိုစီဒက် | ၇ | ၃ | ၁ | ၃ | ၉ | ၉ | ၀ | ၁၀ |
| ၁၀ | ဆယ်တာဗီဂို | ၇ | ၃ | ၁ | ၃ | ၉ | ၁၁ | -၂ | ၁၀ |
| ၁၁ | လီဂါနက်စ် | ၇ | ၃ | ၁ | ၃ | ၇ | ၁၀ | -၃ | ၁၀ |
| ၁၂ | အလာဗက်စ် | ၇ | ၂ | ၃ | ၂ | ၈ | ၇ | ၁ | ၉ |
| ၁၃ | ဒီပို့တီဗို | ၇ | ၂ | ၂ | ၃ | ၅ | ၆ | -၁ | ၈ |
| ၁၄ | မာလာဂါ | ၇ | ၂ | ၂ | ၃ | ၇ | ၉ | -၂ | ၈ |
| ၁၅ | ဘက်တစ် | ၇ | ၂ | ၂ | ၃ | ၈ | ၁၂ | -၄ | ၈ |
| ၁၆ | စပို့တင်းဂီဂျွန် | ၇ | ၂ | ၁ | ၄ | ၆ | ၁၆ | -၁၀ | ၇ |
| ၁၇ | အက်စ်ပန်ညို | ၇ | ၁ | ၃ | ၃ | ၉ | ၁၄ | -၅ | ၆ |
| ၁၈ | ဗလင်စီယာ | ၇ | ၂ | ၀ | ၅ | ၉ | ၁၄ | -၅ | ၆ |
| ၁၉ | အိုဆာစူနာ | ၇ | ၀ | ၃ | ၄ | ၇ | ၁၅ | -၈ | ၃ |
| ၂၀ | ဂရန်နာဒါ | ၇ | ၀ | ၂ | ၅ | ၇ | ၁၆ | -၉ | ၂ |

### လက်စ်ပဲလ်မက်စ် - အက်စ်ပန်ညို
**နံနက် ၁း၁၅ (၁၅-၁၀-၁၆)**

လက်စ်ပဲလ်မက်စ်ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ နှစ်ပွဲဆက်တိုက်အနိုင်မရဘူးဆိုပေမယ့် အဆိုပါနှစ်ပွဲမှာ ရီးယဲလ်နဲ့ အိုဆာစူနာတို့ကိုသရေကစားနိုင်ခဲ့သလို အဆိုပါနှစ်ပွဲစလုံးမှာခြေစွမ်းပိုင်းက လည်းကောင်းမွန်ခဲ့ပါတယ်။ အက်စ်ပန်ညိုကတော့ခြေစွမ်းပိုင်းအရအားနည်းမှုတွေရှိနေပါတယ်။ ဒ့ါအပြင် လက်စ်ပဲလ်မက်စ်ရဲ့အိမ်ကွင်း လည်းဖြစ်နေတာကြောင့် အက်စ်ပန်ညောတို့ပိုမိုအခက်တွေ့နိုင်ပါတယ်။ လက်စ်ပဲလ်မက်စ်ပဲအနိုင်ရမယ်။

### ဘာစီလိုနာ - ဒီပို့တီဗို
**ည ၈း၄၅ (၁၅-၁၀-၁၆)**

ဘာစီလိုနာဟာ ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ်ပွဲစဉ်ကစားရဖို့ရှိ နေသလိုအဆိုပါပွဲစဉ်ဟာလည်း နည်းပြဟောင်းဂွါဒီယိုလာရဲ့မန်စီးတီးနဲ့ ဖြစ်နေတာကြောင့် ဒီပွဲမှာခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်း ဘာစီလိုနာဟာ ဆဲလ်တာဗီဂိုကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အပြင် ဒီပို့တီဗိုကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေလို့ ဘာစီလိုနာနိုင်ပွဲတော့ရသွားနိုင်ပါတယ်။

### ဘက်တစ် - ရီးယဲလ်
**နံနက် ၁း၁၅ (၁၆-၁၀-၁၆)**

ရီးယဲလ်ဟာပြိုင်ပွဲစုံမှာနောက်ဆုံး လေးပွဲဆက်တိုက်သရေကျခဲ့ရတာကြောင့်နိုင် ပွဲပြန်လည်ရ ယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ရီးယဲလ်အနေနဲ့ ဒီပွဲစဉ်အပြီးမှာ ချန်ပီယံ လိဂ်ကစားရဖို့ရှိနေတယ်ဆိုပေမယ့်လည်း ဘက်တစ်ရဲ့ ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ ရီးယဲလ်တို့ အဝေးကွင်းဖြစ်ပေမယ့်လည်း နိုင်ပွဲရဖို့ဂရုတစိုက်ကစားလာမှာ ဖြစ်သလိုနိုင်ပွဲလည်းရသွားနိုင်ပါတယ်။

### ဘီဘာအို - ဆိုစီဒက်စ်
**ည ၈း၄၅ (၁၆-၁၀-၁၆)**

ဘီဘာအိုကမာလာဂါကိုမထင်မှတ်ဘဲ ရှုံးနိမ့် ခဲ့ရတာကြောင့်ဒီပွဲ စဉ်မှာနိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းပွဲစဉ်မှာဆိုရင်လည်း ဘီဘာအိုရဲ့ခံစစ်ပိုင်းကစားပုံကကောင်း မွန်မှုရှိတတ်ပါတယ်။ ဒီပွဲအပြီးမှာ ဘီဘာအိုတို့ ယူရိုပါလိဂ်ရှိနေပေမယ့်လည်း ဆိုစီဒက်စ်ကလည်း အဝေးကွင်းခြေစွမ်းပိုင်း အားနည်းလွန်းပါတယ်။ အဝေးကွင်းကွင်းမှာ တစ်ပွဲသာနိုင်ပါတယ်။ ဘီဘာအိုတို့ အိမ်ကွင်းနိုင်ပွဲ ကပ်ရသွားနိုင်ပါတယ်။

### ဗီလာရီးယဲလ် - ဆဲလ်တာဗီဂို
**နံနက် ၁း၁၅ (၁၇-၁၀-၁၆)**

ဘာစီလိုနာကိုအနိုင်ရခဲ့တဲ့ပွဲမှာ ဆဲလ်တာဗီဂိုခြေစွမ်းပိုင်းက ကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့်လည်း အသင်းလိုက် ခြေစွမ်းပိုင်းတည်ငြိမ်မှုအပိုင်းမှာတော့ ဗီလာရီးယဲလ်က ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဗီလာရီးယဲလ်ဟာအိမ်ကွင်းရှုံးပွဲလည်းမရှိသေးပါဘူး။ ဗီလာရီးယဲလ်အနေနဲ့ ယူရိုပါလိဂ်ကစားရဖို့ရှိပေမယ့်လည်း ဆဲလ်တာဗီဂိုကလည်း ယူရိုပါလိဂ်ကစားရဖို့ရှိပါတယ်။ ဗီလာရီးယဲလ်ပဲကပ်နိုင်မယ်။

### လီဂါနက်စ် - ဆီဗီလာ
**ညနေ ၅း၃၀ (၁၅-၁၀-၁၆)**

ဆီဗီလာက ခြေစွမ်းပိုင်းကောင်းမွန်နေတယ်ဆိုပေမယ့် ဒီပွဲစဉ်အပြီး ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့်ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ခဲနိုင်ပါတယ်။ ဒ့ါအပြင် ဆီဗီလာဟာ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်း ပိုမိုကျဆင်းတတ်သလို လက်ရှိအချိန်အထိ အဝေးကွင်းနိုင်ပွဲ ရယူနိုင်မှုမရှိသေးပါဘူး။ လီဂါနက်စ်ကတော့ ခံကစားပုံကောင်းမွန်မှုရှိသလိုအိမ်ကွင်းအား လည်း ရှိနေတာကြောင့် အားစိုက်လာမှာပါ။ ဆီဗီလာနိုင်မယ်ဆိုရင်တောင် ဂိုးမပြတ်ဘူး။

### အက်သလက်တီကို - ဂရန်နာဒါ
**ည ၁၁း၀၀ (၁၅-၁၀-၁၆)**

အက်သလက်တီကိုဟာ လက်ရှိအချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရီးယဲလ်နဲ့အမှတ်တူ အနေအထားနဲ့ ရပ်တည်နိုင်တာကြောင့် ဒီပွဲမှာ နိုင်ပွဲဆက်လက်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အက်သလက်တီကိုအနေနဲ့ ချန်ပီယံလိဂ်ရှိပေမယ့် ပြိုင်ဘက် ဂရန်နာဒါကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေများနေတာ ကြောင့် အက်သလက်တီကိုတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### အလာဗက် - မာလာဂါ
**ညနေ ၄း၃၀ (၁၆-၁၀-၁၆)**

အလာဗက်ခြေကကောင်းမွန်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကကောင်းမွန်တတ်ကာ လက်ရှိအချိန်အထိ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ မာလာဂါကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးသလို အဝေးကွင်းမှာလည်းခြေစွမ်းပိုင်းက ကျဆင်းတတ်ပြီး လက်ရှိအချိန်အထိ အဝေးကွင်းနိုင်ပွဲရယူနိုင်ခြင်း မရှိသေးပါဘူး။ အိမ်ကွင်းမှာ တစ်ဂိုးသာပေးရသေးတဲ့ အလာဗက်ကပဲ ကပ်နိုင်ခြေရှိနေပါတယ်။

### ဂီဂျွန် - ဗလင်စီယာ
**ည ၁၁း၀၀ (၁၆-၁၀-၁၆)**

နည်းပြအပြောင်းအလဲပြုလုပ်ထားတာကြောင့် ဗလန်စီယာရဲ့ ခြေစွမ်းပိုင်းကအပြောင်းအလဲဖြစ်လာနိုင်ပါတယ်။ ရလဒ်ပိုင်းတွေလည်း တောက်လျှောက်အားနည်းလာတာကြောင့် ဗလင်စီယာတို့နိုင် ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ ဂီဂျွန်ကတော့ အိမ်ကွင်းဖြစ်ပေမယ့် နောက်ဆုံးလေးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတဲ့အထိ ခြေစွမ်းပိုင်းက အားနည်းမှုတွေဖြစ်နေပါတယ်။ ဗလင်စီယာတို့နိုင် ပွဲကပ်နိုင်ခြေရှိနေပါတယ်။

### အီဘား - အိုဆာစူနာ
**နံနက် ၁း၁၅ (၁၈-၁၀-၁၆)**

လက်ရှိအချိန်မှာ အိုဆာစူနာဟာနိုင်ပွဲလုံးဝမရသေးတဲ့အထိ ခြေစွမ်းပိုင်းအားနည်းနေပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခံစစ်ပိုင်းက ပိုမိုအားနည်းတတ်ပါတယ်။ အီဘားကတော့လက်ရှိအချိန်မှာ အသင်းလိုက်ကစားပုံအရ အိုဆာစူနာထက်ပိုမိုကောင်းမွန်မှုရှိသလို အိမ်ကွင်းပွဲတွေမှာလည်း ရှုံးပွဲမကြုံသေးတဲ့အထိကစားပုံက ကောင်းမွန်တာတွေ့ရပါတယ်။ အိမ်ကွင်းမှာအီဘားပဲနိုင်ပွဲရယူသွား နိုင်ဖို့ရှိနေပါတယ်။

## ဒဏ်ရာပြဿနာများကြောင့် ဇီဒန်း၏ ရီးယဲလ်မက်ဒရစ် အခက်ကြုံ

ရီးယဲလ်မက်ဒရစ်အသင်းတွင် အားထားရသည့် နောက်ခံလူ ဆာဂျီယိုရာမို့စ် ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရပြီးနောက် ရီးယဲလ်တွင် ဒဏ်ရာရကစားသမား လေးဦးအထိ ရှိလာပြီဖြစ်ခြင်းကြောင့် အသင်းရလဒ်ပိုင်း ပိုမိုကျဆင်းနိုင်ကြောင်း ယူအီးအက်ဖ်အေ ဝက်ဘ်ဆိုက်က သုံးသပ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် နွေဈေးကွက်အတွင်း သိသိသာသာလှုပ်ရှားခဲ့ခြင်းမရှိသော်လည်း ရာသီအစ ရာနှုန်းပြည့်နိုင်ပွဲများကြောင့် ဝေဖန်မှုများ နှုတ်ဆိတ်နေခဲ့ခြင်းဖြစ်သော်လည်း ကက်စီမီရို ဒဏ်ရာရရှိပြီးနောက် ဗီလာရီးယဲလ်၊ ဒေ့ါမွန်၊ အီဘားတို့နှင့် ဆက်တိုက်သရေ ရလဒ်ထွက်ပေါ်ခဲ့ရာ ဝေဖန်မှုများလည်း စတင်ရိုက်ခတ်လာသည်။

လက်တလောတွင် ကွင်းလယ်လူ ကက်စီမီရိုက ခြေသလုံးဒဏ်ရာ၊ လူကာမိုဒရစ်က ဒူးဒဏ်ရာ၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ခြေသလုံး ဒဏ်ရာများ ကြုံတွေ့ခဲ့ရပြီးဖြစ်သောကြောင့် ရာမို့စ် ဒဏ်ရာရရှိသွားခြင်းက ရီးယဲလ်အတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်သည်။ သို့သော် မာဆယ်လ်လိုမှာ ပေါင်ဒဏ်ရာကြောင့် သုံးပတ်ကြာ အနားယူနေရာမှ ပြန်လည် သက်သာလာပြီဖြစ်ရာ နည်းပြ ဇီဒန်းကဗဟိုခံစစ်နေရာအတွက် ပီပီနှင့် ဗာရာနီ၊ တောင်ပံခံစစ်နှစ်နေရာအတွက် မာဆယ်လ်လိုနှင့် ကာဗာဂျယ်လ်တို့ကို အသုံးပြုသွားဖွယ်ရှိနေသလို ကွင်းလယ်နေရာအတွက် အစ္စကို၊ ခရူးစ်နှင့် ကိုဗာဆစ်တို့ဖြင့် ပွဲထွက်ကစားစေဖွယ်ရှိနေသည်။

သို့သော် ဇီဒန်းက သူ၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်အသင်းကို အကောင်းဆုံး ဦးဆောင်ပေးသွားမည်ဖြစ်သော်လည်း ရီးယဲလ်ကဲ့သို့ အသင်းကြီးကို ကိုင်တွယ်နေရသူအနေဖြင့် ရလဒ်မကောင်းလျှင် အသင်းမှ အချိန်မရွေး ထုတ်ပယ်ခံရနိုင်သည်ကိုလည်း သိရှိထားပြီးဖြစ်ကြောင်း အစောပိုင်းကပင် တုံ့ပြန်ထားခဲ့သည်။

# အဖွဲ့ဝင်(၁၇)ဦးပါဝင်သော ထိုင်းနိုင်ငံသားများ ၎င်းတို့ပိုင် မော်တော်ယာဉ်ရှစ်စီးဖြင့် ပြည်တွင်းသို့လာရောက်လည်ပတ်

**မြဝတီ အောက်တိုဘာ ၁၂**
Equalink Travels & Tour Co,.Ltd ၏ အစီအစဉ်ဖြင့် ထိုင်းနိုင်ငံသားဧည့်သည် Mr Nut Boonthong (P/P No.AA3878624)နှင့် အဖွဲ့ဝင် ၁၇ ဦးတို့သည် ၎င်းတို့ပိုင် မော်တော်ယာဉ်ရှစ်စီးဖြင့် အောက်တိုဘာ ၁၀ ရက်တွင် ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအမှတ်(၁)မှတစ်ဆင့် မြဝတီမြို့တွင်းသို့ရောက်ရှိလာခဲ့ပြီး Company မှ ဧည့်လမ်းညွှန် ဦးစိုင်းထွန်းလှိုင် (G-3219) မှ မြန်မာပြည်တွင်းသို့ တာဝန်ယူကာ လိုက်ပါပို့ဆောင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ သိရသည်။

မြဝတီမြို့သို့ရောက်ရှိလာသော Mr Nut Boonthong (P/P No.AA3878624) နှင့် အဖွဲ့ဝင် ၁၇ ဦးတို့အား မြဝတီမြို့ ချစ်ကြည်ရေးတံတား တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်အောင်မြင်နှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

အဆိုပါဧည့်သည်အဖွဲ့သည် အောက်တိုဘာ ၁၀ ရက်မှ အောက်တိုဘာ ၁၈ ရက်ထိ မြဝတီ-ပဲခူး-တောင်ငူ-ပုဂံ-မန္တလေး-ပြင်ဦးလွင်-အင်းလေး-ညောင်ရွှေ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်မြို့တို့သို့ သွားရောက်လည်ပတ်ကာ အောက်တိုဘာ ၁၈ ရက်တွင် တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခန့်တွင် ထိုင်းနိုင်ငံသား ၈၉ ဦးတို့သည်လည်း ၎င်းတို့ပိုင်မော်တော်ယာဉ် ၃၆ စီးဖြင့် ထိုင်း-မြန်မာချစ်ကြည်ရေး မြဝတီနယ်စပ်ဝင်ပေါက်မှ ဝင်ရောက်လာခဲ့ပြီး Product Expro 2016 Hpaan ပွဲအတွက် ဆက်လက်ထွက်ခွာသွားခဲ့ကြသည်။ အဆိုပါအဖွဲ့များအား ထိုင်း-မြန်မာ-ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင် မြဝတီမြို့ ချစ်ကြည်ရေးတံတား တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်အောင်မြင်က ထိုင်း-မြန်မာချစ်ကြည်ရေးတံတားသို့ ဝင်ရောက်လာသည့် ထိုင်းနိုင်ငံ ကုန်သည်၊ လုပ်ငန်းရှင်များအား မိမိတို့နှစ်နိုင်ငံ ငြိမ်းချမ်းစွာအတူတကွနေထိုင်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လက်ရှိပူးပေါင်းမှုအတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းအား မကြာခဏ ဆောင်ရွက်စေချင်ပါကြောင်းနှင့် မိမိတို့ဘက်မှ လိုအပ်သည်များရှိပါက နားလည်ပေးပါရန်နှင့် ယခုကဲ့သို့ရင်းရင်းနှီးနှီး အမြဲလက်တွဲဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

## မိုင်းငေါ့မြို့တွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်း မရှိစေရန် ကွင်းဆင်းစစ်ဆေး



**မိုင်းငေါ့ အောက်တိုဘာ ၁၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့အတွင်းရှိ ဈေးဆိုင်များတွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်းမရှိစေရန် အောက်တိုဘာ ၉ ရက်က မြို့အတွင်း လှည့်လည်စစ်ဆေးခဲ့သည်။

မိုင်းငေါ့မြို့အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်၊ စခန်းမှူး ရဲအုပ်စိုးငွေးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မိုင်းငေါ့မြို့အတွင်းရှိ ကုန်စုံဆိုင်များနှင့် နေအိမ်ဈေးဆိုင်များတွင် ပြောက်အိုး၊ မီးရှူး၊ မီးပန်းများသိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ကစားခြင်းများ မပြုလုပ်ကြရန် ဆိုင်ရှင်များနှင့် ပြည်သူများအား အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ **ကျောက်မဲခရိုင်(ပြန်/ဆက်)**

## အိမ်တိုင်ရာရောက်ရဲလုပ်ငန်းဆောင်ရွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ မေးမြန်းချက်အား ပြန်လည်ဆွေးနွေးရှင်းလင်း

**မတ္တရာ အောက်တိုဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် သပြေသာကျေးရွာအုပ်စု အင်းတံခါးကျေးရွာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်သိန်းနှင့် တပ်ဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများပူးပေါင်း၍ အောက်တိုဘာ ၉ ရက် ညနေပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ သီရိမင်္ဂလာကျောင်းတိုက်၌ မှုခင်းကျဆင်းရေးအတွက် အိမ်တိုင်ရာရောက်ရဲလုပ်ငန်းစနစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောဆွေးနွေးမှုတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက မှုခင်းကျဆင်းရေးနှင့် ကျေးရွာနေပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့အတွက် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ ဆွေးနွေးမေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

## စဉ့်ကိုင်တွင် KG တန်းကလေးငယ်များပုံဆွဲပြိုင်ပွဲကျင်းပ




**စဉ့်ကိုင် အောက်တိုဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက KG တန်းကလေးငယ်များ ပုံဆွဲပြိုင်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ပုံဆွဲပြိုင်ပွဲတွင် အုန်းပင်ခြံကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများပါဝင်ရေးဆွဲပြီး ဆေးရောင်ခြယ်သကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် လေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်စောသီတာခင်နှင့် အဖွဲ့ဝင်များကလည်း ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းအပြင် ပုံဆွဲခြင်းဆေးရောင်ခြယ်ပြုလုပ်သော ကျောင်းသား၊ ကျောင်းသူများသည် ပြသထားသော ကာတွန်း၊ ပုံပြင်စာအုပ်များကိုလည်း ကြည့်ရှုကြပြီး ပုံဆွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုများကို ဆုချီးမြှင့်ခဲ့ကြပြီး ယခုကဲ့သို့ ပုံဆွဲပြိုင်ပွဲကိုပြုလုပ်ရခြင်းသည် ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ အစရှိသည့် ပြိုင်ပွဲများကိုလည်း ပြုလုပ်ပေးသွားမည်ကြောင်း သိရသည်။ **ဖိုးအောင်(စဉ့်ကိုင်)**

## မိုင်းယောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**မိုင်းယောင်း အောက်တိုဘာ ၁၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးမင်းမောင်နှင့်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအေးမင်းမောင်က မီးလောင်မှုဖြစ်ပွားပါက ထိတ်လန့်ကြောက်ရွံ့မှုမရှိဘဲ မီးငြိမ်းသတ်နိုင်စေရန်နှင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်း အကြောင်းရင်းများနှင့် မီးဘေးကြိုတင်ကာကွယ်ရေး သိကောင်းစရာများကို ဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက လောင်စာဆီမှ မီးလောင်ကျွမ်းခြင်း၊ ဂက်စ်မီးဖိုမှ မီးလောင်ကျွမ်းခြင်းနှင့် ရိုးရိုးမီးလောင်ကျွမ်းခြင်းများကို မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ကျောင်းသား၊ ကျောင်းသူများ ပိုမိုသိရှိနားလည်အောင် လက်တွေ့သရုပ်ပြသခဲ့သည်။

ယင်းနောက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် လက်တွေ့ပြုလုပ်စေခဲ့သည်။ အဆိုပါသရုပ်ပြပွဲသို့ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အားချာ(ပြန်/ဆက်)**

## ဌာနမှ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ လုပ်ငန်းများအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

**ငါန်းဇွန် အောက်တိုဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဝင်းထွန်းနှင့် ဝန်ထမ်းများသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများသို့အရောက် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် ထနောင်းပင်ကျေးရွာနှင့် အနောက်တောကျေးရွာသို့ အောက်တိုဘာ ၈ ရက်မှ ၉ ရက်အထိ သွားရောက်ပြီး မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း စသည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအခြေအနေ အောင်မြင်ဖြစ်ထွန်းမှုရှိ-မရှိ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ယင်းအပြင် ကျေးရွာမြစိမ်းရောင်ကြီးကြပ်မှုကော်မတီများအား လစဉ်စာရင်းဇယားများ ပုံမှန်ဖြည့်သွင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

## မိုင်းဖြတ်မြို့နယ်ရှိ တောင်သူများအား စိုက်ပျိုးရေးနည်းပညာများရရှိရေးကွင်းဆင်းလေ့လာရေးစီစဉ်ပေး

**မိုင်းဖြတ် အောက်တိုဘာ ၁၂**
ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ တောင်သူများအား သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းပညာများ လက်တွေ့လေ့လာဆည်းပူးနိုင်ရေး စဉ်ဆက်မပြတ်စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ စပါးသီးနှံစိုက်ခင်းများ၊ ဥယျာဉ်ခြံများနှင့် သဘာဝဓာတ်မြေဩဇာ အသုံးပြုစိုက်ပျိုးထားသည့် သီးပင်စားပင် စိုက်ခင်းများအား ကွင်းဆင်းလေ့လာရေးကို အောက်တိုဘာ ၇ ရက် နံနက်က စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



ထိုသို့ ကျေးရွာများမှ တောင်သူများ၏ လေ့လာရေးခရီးစဉ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဝင်း နှင့် တာဝန်ရှိသူများက စိုက်ပျိုးနည်းစနစ်များ၊ သွင်းအားစုထည့်သွင်းနည်းစနစ်များ၊ နှစ်ရှည်သီးနှံ ရော်ဘာစိုက်ပျိုးနည်းစနစ်များကို စိုက်ခင်းများတွင် လက်တွေ့ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ လေ့လာရေးခရီးစဉ်ကိုမိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွဋ်လွင် ဦးဆောင်၍ မွန်ကာကျောင်းကျေးရွာအုပ်စုမှ တောင်သူ ၂၀၊ တောညုကျေးရွာအုပ်စုမှ တောင်သူ ၂၀ နှင့် ဌာနဝန်ထမ်းငါးဦး စုစုပေါင်း ၄၅ ဦးပါဝင်ပြီး စိုက်ပျိုးနည်းစနစ်များ လေ့လာခွင့်ရရှိကာ လူမှုစီးပွားဖွံ့ဖြိုးတိုး တက်ရေးအထောက်အကူဖြစ်သဖြင့် တောင်သူများက ကျေးဇူးတင်ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်းသိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နှစ်ခြိုက်စွာမအိပ်စက်နိုင်ကြသူများ

မောင်သောင်းဝင်း(တမံဟောင်း)

"ဆရာကြီးသောင်း ကျွန်တော်တို့ Betting အကြောင်းလေး မရေးသေးဘူးလား" ဆိုပြီး အရာရှိတစ်ဦးက မေးလာပါတယ်။ "ဟုတ်ကဲ့ အလုပ်အားလို့ရှိရင် ရေးပေးပါမယ်" လို့ဖြေလိုက်ရပါတယ်။ ထိုအရာရှိက တခြားသူမဟုတ်ပါဘူး။ တစ်ဌာနတည်းတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။ လွန်ခဲ့သောနှစ်လခန့်က သူရဲ့ခါးသီးသောအတွေ့အကြုံအား စာရေးသူကို ရင်ဖွင့်ထားတာ နှစ်ပတ်လောက် ရှိပါပြီ။ သူ့အတွေ့အကြုံကို စာဖတ်ပရိသတ်တွေ သင်ခန်းစာယူနိုင်အောင်လို့ စာရေးသားတင်ပြပေးပါဆိုပြီး မေတ္တာရပ်ခံထားပါတယ်။

ထိုအရာရှိဟာ ရိုးသားပြီး ကြိုးစားသူတစ်ဦးဖြစ်ပါတယ်။ ဌာနရှိအရာရှိများထဲတွင် လုပ်ရည်ကိုင်ရည်ထူးချွန်ပြီး အထက်အောက်ပေါင်းသင်းဆက်ဆံရေးပြေပြစ်သူလည်းဖြစ်ပါတယ်။ အသောက်အစားကင်းပြီး ရိုးရိုးကုပ်ကုပ် ခြိုးခြံချွေတာ နေထိုင်တတ်သူတစ်ဦးဖြစ်ပါတယ်။ အိမ်ထောင်သည်တစ်ဦးဖြစ်ကာ ဇနီးဖြစ်သူကလည်း ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းများဖြစ်ကြတဲ့ သူတို့ဇနီးမောင်နှံနှစ်ဦးဟာ လစဉ်ဝင်ငွေ၊ ထွက်ငွေစာရင်းဆွဲပြီး လစာကိုစည်းစနစ်တကျဖြင့် သုံးစွဲနေသူများလည်း ဖြစ်ကြပါတယ်။

ဒါပေမယ့် တစ်နေ့မှာတော့ ထိုအရာရှိဟာ အပေါင်းသင်းမှားပြီး လောင်းကစားဖက်လာခဲ့ပါတယ်။ တခြားလောင်းကစား မဟုတ်ပါဘူး။ ဘောလုံးပွဲလောင်းတာပါ။ ပထမပိုင်းတော့ နည်းနည်းပေါက်ပါတယ်။ နောက်ပိုင်း မပေါက်လို့ အရင်းကျေအောင်ဆိုပြီး လိုက်ရင်းလိုက်ရင်းနဲ့ နှစ်သိန်းလောက် မြုပ်သွားပါတယ်။ ဝန်ထမ်းတစ်ဦးအတွက် ငွေနှစ်သိန်းဆိုသောပမာဏဟာများလှပါတယ်။ ထိုအရာရှိဟာ ဘောလုံးပွဲ ရှုံးထားတဲ့ငွေနဲ့ပတ်သက်ပြီး ဇနီးဖြစ်သူကိုလည်း ဖွင့်ဟမပြောရဲဘဲ ဖြစ်နေခဲ့ပါတယ်။ တအုံနွေးနွေးနဲ့ စားမဝင်အိပ်မပျော် တစ်လခန့် စိတ်ညစ်နေခဲ့ရတယ်လို့ ဆိုပါတယ်။

နောက်ဆုံးတစ်နေ့မှာ စိတ်ညစ်တဲ့ဒဏ်ကိုမခံနိုင်လို့ ဇနီးဖြစ်သူကို ဖွင့်ပြောလိုက်ရပါတယ်။ ဘာပြောကောင်းမလဲ ဇနီးဖြစ်သူကလည်း အညာသူဆိုတော့ ငွေကိုနှမြောလို့ လင်မယားနှစ်ယောက် ခွန်းကြီးခွန်းငယ် စကားများကြပါတယ်။ အရာရှိက သူမှားကြောင်းနှင့် နောက်နောင်တွင် မည်သည့်လောင်းကစားကိုမျှ မလုပ်ပါဘူးလို့ပြောဆိုပြီး အကြိမ်ကြိမ်တောင်းပန်တော့မှ ဇနီးဖြစ်သူကကျေအေးခဲ့ပါတယ်။ အဲဒီအချိန်ကျမှပဲ သက်ပြင်းချနိုင်ပြီး စားဝင်အိပ်ပျော်တယ်လို့ ဆိုပါတယ်။

"မည်သည့်လောင်းကစားကိုမျှ မလုပ်တော့ဘူးဟု ခိုင်မာစွာဆုံးဖြတ်ထားကြောင်း" စာရေးသူကို ပြောလာပါတယ်။ "ကောင်းတာပေါ့၊ ဒီလိုစောစောစီးစီး အသိစိတ်ဝင်ပြီး သင်ခန်းစာယူနိုင်တာဟာ ဝမ်းသာစရာပဲ" ဆိုပြီး စာရေးသူက ထောက်ခံအားပေးခဲ့ပါတယ်။ မကောင်းမှုဒုစရိုက်လုပ်ငန်းကို စောစောစီးစီး စွန့်လွှတ်နိုင်သူများဟာ တိုးတက်မှုရရှိကြမှာပါ။ တချို့သောသူများဟာ သိသိနဲ့ဆက်မိုက်နေကြပါတယ်။ ထိုသူများဟာ မိသားစုနှင့်အသိုက်အဝန်းကို ဒုက္ခပေးနေကြသူများသာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် လူငယ်၊ လူလတ်၊ လူကြီး အသက်အရွယ်ပေါင်းစုံဟာ ဘောလုံးပွဲလောင်းကစား လုပ်လာတာ တွေ့ရပါတယ်။ ဘောလုံးပွဲလောင်းတာဟာ ငွေကြေးဆုံးရှုံးရုံသာမက တန်ဖိုးရှိသောအချိန်ကိုလည်း များစွာပေးဆပ်နေရပါတယ်။ ဘောလုံးပွဲလောင်းသူတစ်ဦးဟာ မလောင်းမီကတည်းက ပွဲစဉ်ကြိုတင်လေ့လာရခြင်း၊ လူသူ မသိအောင် ဒိုင်ဆီသွားပြီး လောင်းကြေးထပ်ရခြင်း၊ ညဥ့်နက်သန်းခေါင်အထိ ဘောလုံးပွဲ စောင့်ကြည့်ရခြင်း၊ တစ်ခါတစ်ရံ မိုးလင်းပေါက်ကြည့်ရပါတယ်။ လောင်းကြေးပေါက်ရင် ခဏတာပျော်ရွှင်မှု ခံစားရနိုင်ပေမယ့် မပေါက်တာကများပါတယ်။ ဒါ့ကြောင့် အလုပ်ပျက်၊ အကိုင်ပျက်၊ စီးပွားပျက်ဖြစ်ကြရပါတယ်။

အစိုးရသစ်လက်ထက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သင့်ပါတယ်။ အထူးသဖြင့် လောင်းကစားဝိုင်းများကို ဖိဖိစီးစီးဖမ်းဆီးနှိမ်နင်းသင့်ပါတယ်။ ဘောလုံးပွဲ၊ နှစ်လုံး၊ သုံးလုံး၊ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ ဂျင်ဝိုင်းစတဲ့ လောင်းကစားနည်းပေါင်းစုံကို ယခင်ကလို လိုင်းကြေးယူပြီး ခွင့်ပြုထားတဲ့စနစ်မျိုးကို မပြုလုပ်သင့်တော့ပါဘူး။ အဂတိလိုက်စားမှု တိုက်ဖျက်သွားမည်ဟု ကြွေးကြော်ထားတဲ့ အစိုးရသစ်လက်ထက်တွင် လောင်းကစားဝိုင်းများကို ထိရောက်စွာဖော်ထုတ် အရေးယူသွားသင့်ပါတယ်။

**အစိုးရသစ်လက်ထက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိ ရောက်ရောက်ဆောင်ရွက်သင့်ပါတယ်။ အထူးသဖြင့် လောင်းကစားဝိုင်းများကို ဖိဖိစီးစီးဖမ်းဆီး နှိမ်နင်းသင့်ပါတယ်။ ဘောလုံးပွဲ၊ နှစ်လုံး၊ သုံးလုံး၊ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ ဂျင်ဝိုင်းစတဲ့ . . .**

ဘောလုံးပွဲလောင်းတဲ့ အလေ့အထဟာ သာမန်အရပ်သားများအပြင် ဝန်ထမ်းအသိုက်အဝန်းထဲသို့ပင် ကူးစက်လာသဖြင့် တာဝန်ရှိသူများက အချိန်မီတားဆီးသင့်ပါပြီ။ လောင်းကစားလုပ်သော ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားတဲ့ရုံးတစ်ရုံး၊ ဌာနတစ်ခုဟာ လုပ်ငန်းများကို မှန်ကန်စွာအချိန်မီ အကောင်အထည်ဖော်နိုင်ဖို့ အလားအလာနည်းသွားပြီဖြစ်ပါတယ်။ အိပ်ချိန်၊ စားချိန်ပုံမှန်မရှိတဲ့ ဝန်ထမ်းတစ်ဦးဟာ မိမိတာဝန်ကို စိတ်ပါလက်ပါ ထမ်းဆောင်နိုင်စွမ်း မရှိနိုင်ပါဘူး။ ဒါ့ကြောင့်လုပ်ဖော်ကိုင်ဖက်များကို အနှောင့်အယှက်ဖြစ်စေပါတယ်။ ထိုအကျိုးဆက်ကြောင့် တိုင်းပြည်ကုန်ထုတ်လုပ်ငန်းကို များစွာထိခိုက်စေနိုင်ပါတယ်။

လောင်းကစားလုပ်သူများဟာ အဆုံးတစ်နေ့တွင် ကတိမတည်သူများဖြစ်လာပါတယ်။ မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုး၊ မိဘ၊ သားသမီးများအပြင် မိမိ၏ဇနီးအပေါ်ကိုပင် လိမ်လည်တတ်လာပါတယ်။ စာရိတ္တပျက်ပြားသူများနှင့် တည်ဆောက်ထားသော အသိုက်အဝန်းတစ်ခုဟာ အကောင်းဘက်သို့ ဦးတည်နိုင်ဖို့ အခွင့်အလမ်းနည်းသွားပြီဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး သံသယဝင်လာကြသဖြင့် ကြီးမားသောတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည့် Teamwork ကိုလည်း တည်ဆောက်၍ မရနိုင်တော့ပါဘူး။

လောင်းကစားလုပ်ငန်းအများစုဟာ ဒိုင်လုပ်တဲ့သူက အသားစီးယူထားပြီး ဖြစ်ပါတယ်။ ထိုးသားဟာ ရှုံးဖို့ ရာခိုင်နှုန်းများနေပါတယ်။ ထိုသဘောတရားကို သိသိနဲ့ကျူးလွန်သူများဟာ အသိဉာဏ်ခေါင်းပါးသူများသာဖြစ်ပါတယ်။ လောင်းကစားလုပ်ရာတွင် နိုင်သူရော၊ ရှုံးသူပါ အကျိုးမရှိပါဘူး။ နိုင်သူကလည်း လွယ်လွယ်ရတဲ့ငွေကို လွယ်လွယ်သုံးဖြုန်းပစ်တတ်ကြပါတယ်။ ရှုံးသူကလည်း စီးပွားပျက်သွားပါတယ်။ လောင်းကစားရှုံးထားသူတစ်ဦးဟာ အကြွေးတင်နေသဖြင့် စားမနိုင်၊ အိပ်မရဖြစ်တတ်ကြပါတယ်။ မဖြေရှင်းနိုင်တဲ့အဆုံး ထွက်ပေါက်ရှာသွားတတ်ကြပါတယ်။ လောင်းကစားလုပ်ပြီး ဘဝပျက်သွားတဲ့သူတွေ ဒုနဲ့ဒေးပါပဲ။

လူ့ဘဝတွင် မိမိကိုယ်တိုင် ကာယဉာဏအားဖြင့် ကြိုးပမ်းရှာဖွေထားသော ငွေကြေးသည်သာလျှင် အဖြူစင်ဆုံးဖြစ်ပါတယ်။ သမ္မာအာဇီဝလုပ်ငန်းဖြင့် ရရှိသောငွေဟာ အသုံးခံပါတယ်။ ငွေကိုဖြတ်လမ်းနည်းဖြင့် ရှာဖွေသည်ထက် ရိုးသားကြိုးစားသောနည်းလမ်းဖြင့် ရှာဖွေစုဆောင်းခြင်းသည်သာလျှင် အကောင်း ဆုံးနည်းလမ်းဖြစ်ပါတယ်။ ကြီးပွားတိုးတက်ရေးအတွက် ဖြတ်လမ်းမရှိပါဘူး။ ဖြတ်လမ်းနည်းဖြင့်ကြီးပွားရေး လမ်းစရှာသူများဟာ ပြုတ်ကြတတ်ပါတယ်။

ခြုံ၍တင်ပြရလျှင် မည်သည့်လောင်းကစားနည်းမဆို စီးပွားပျက်စေနိုင်ပါတယ်။ မြန်မာ့လူမှုအသိုက်အဝန်းတွင် ဘောလုံးပွဲလောင်းတဲ့အကျင့်ဆိုးဟာ ကင်ဆာရောဂါလို တဖြည်းဖြည်း အမြစ်တွယ်ပွားများလာပြီဖြစ်ပါတယ်။ အထူးသဖြင့် ဝန်ထမ်းများ ဘောလုံးပွဲလောင်းလာခြင်းဟာ တိုင်းပြည်အတွက် ကောင်းတဲ့အရိပ်လက္ခဏာ မဟုတ်ပေ။ ဒါ့ကြောင့် တာဝန်ရှိသူများဟာ ရုံး၊ ဌာနများတွင် လောင်းကစားပြုလုပ်နေတဲ့ဝန်ထမ်းများကိုဖော်ထုတ်ပြီး ပညာပေးစည်းရုံး ဆောင်ရွက်သွားသင့်ပါတယ်။ လိုက်နာကျင့်ကြံနိုင်ခြင်းမရှိတဲ့ဝန်ထမ်းများကို ရုံးတွင်းစည်းကမ်းဖြင့် အရေးယူခြင်း၊ ဌာနပြောင်းခြင်း၊ နေရာပြောင်းခြင်းတို့ဖြင့် တားဆီးသွားသင့်ပါတယ်။ လောင်းကစားလုပ်သဖြင့် အကြွေးတင်နေသူများဟာ နေ့စဉ်ဘဝမှာ စိတ်ချမ်းမြေ့ပျော်ရွှင်မှု မရှိနိုင်တော့ပါဘူး။ ထိုအကြွေးကို မည်သို့ပေးဆပ်ရမလဲစဉ်းစားရင်းဖြင့် စားမဝင်၊ အိပ်မပျော်ဖြစ်လာပါတယ်။ ပုံမှန်အိပ်စက်နိုင်ခြင်းမရှိသူတစ်ဦးဟာ မှန်ကန်စွာတွေးတောနိုင်စွမ်းမရှိတော့ဘဲ အဆုံးတစ်နေ့တွင် ပြဿနာကို လွဲမှားစွာဖြေရှင်းတတ်ကြပါတယ်။ ဒါ့ကြောင့် ညစဉ်နှစ်ခြိုက်စွာ အိပ်စက်နိုင်ရေးအတွက် လောင်းကစားကို ရှောင်ရှားသွားကြပါစို့ဟု အကြံပြုတိုက်တွန်း ရေးသားတင်ပြအပ်ပါတယ်။

## ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံတွင် လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းဝန်ဆောင်မှုသင်တန်းဖွင့်

**ပခုက္ကူ အောက်တိုဘာ ၁၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာန၏ ဦးဆောင်ကြီးကြပ်မှု Family 2020 မှ ငွေကြေး၊ သားဆက်ခြားပစ္စည်းများ ထောက်ပံ့မှု၊ Jhpiego ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် မိခင်သေဆုံးမှုနှုန်းလျော့ကျစေရေး Multiplier Training on Long Acting Reversible Contraception-lmpkant လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းဝန်ဆောင်မှုသင်တန်းကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားခဲ့ပြီး ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး SCS(OG) ဒေါက်တာမိုးမိုးရွှေနှင့် Jhpeigo မှ MNCH Advisor ဒေါက်တာ အောင်ဇော်လင်းတို့က မိတ်ဆက်အမှာစကားများ ပြောကြားပေးခဲ့ကြသည်။

အဆိုပါ Multiplier Training on Long Acting Reversible Contraception-lmpkant လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းဝန်ဆောင်မှုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြင့် မိခင်များအနေဖြင့် သားဆက်ခြားနည်းလမ်းများကိုသိရှိပြီး မိမိတို့ကြိုက်နှစ်သက်ရာ သားဆက်ခြားနည်းလမ်းများကို အသုံးပြု၍ မိခင်နှင့်ကလေးသေဆုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ယခင်က သားဆက်ခြားခြင်းဝန်ဆောင်မှုကို ပြင်ပဆေးခန်းများပြည်သူ့ဆေးရုံများတွင် အကန့်အသတ်ဖြင့်သာဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုသင်တန်းပြီးမြောက်သွားပါကပြည်သူ့ဆေးရုံများတွင် လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားဝန်ဆောင်မှုပေးနိုင်မှုအပေါ် မူတည်ကာ ပစ္စည်းများပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပခုက္ကူခရိုင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က အမှာစကားတွင် ထည့်သွင်းပြောကြားပေးခဲ့သည်။ သင်တန်းကာလမှာ အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်ထိကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ပခုက္ကူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်နှင့် အထူးကုဆရာဝန်ကြီးများ၊ ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆရာဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ငါးမြို့နယ်မှ တိုက်နယ်ဆရာဝန်များနှင့် လက်ထောက်ဆရာဝန် သင်တန်းသား ၁၂ ဦး တက်ရောက်ခဲ့သည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# နိုင်ငံတော်ရဲ့ စွမ်းအင်လိုအပ်ချက် ဘယ်လိုတွက်ချက်ဆောင်ရွက်ကြမှာလဲ

သန်းဖြိုးနိုင် (ကညင်ကျိုး)

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်တဲ့အရာကို ပြောပါဆိုရင် လျှပ်စစ်စွမ်းအင်ကိုပဲ လက်ညှိုးထိုးပြရမှာဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်လုံလောက်မှုရှိရင် ရှိသလောက် ပေါများရင် ပေါများသလောက် နိုင်ငံရဲ့ စီးပွားရေးကဏ္ဍတွေလည်း တိုးတက်လာပြီး နိုင်ငံသားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း လမ်းစပွင့်လာတတ်ပါတယ်။ စွမ်းအင်ပေါများ လုံလောက်တဲ့အခါ နိုင်ငံသားတွေ တစ်ဦးချင်း မိသားတစ်စုချင်းစီအလိုက် အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ၊ အလင်းရောင်လိုအပ်ချက်တွေ ပြည့်မီလာပြီး လူမှုစီးပွားဘဝတွေ တိုးတက်ကြတာကိုလည်း လေ့လာတွေ့ရှိရမှာပါ။ ကျေးလက်က ရွာတစ်ရွာ သို့မဟုတ် တောဘက်က မြို့လေးတစ်မြို့ကိုပဲ ဥပမာထားပြီးကြည့်လိုက်ရင် လျှပ်စစ်မီး ရရှိမှုနဲ့ မရရှိမှုအပေါ် မူတည်ပြီး သူတို့ရဲ့လူနေမှု အဆင့်အတန်းတွေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေလည်း အချိုးမတူညီစွာ ကွာဟသွားတာကိုလည်း သိမြင်နိုင်ပါတယ်။

နောက်ပြည်တွင်း က ကိုယ့်နိုင်ငံသားလုပ်ငန်းရှင်တွေရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းတွေနဲ့ ပြည်ပကဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံသူတွေအတွက် အဓိက အကျဆုံးအရာကလည်း ဒီလျှပ်စစ်စွမ်းအင်ပဲဖြစ်သလို သူတို့တည်ဆောက်မယ့် နေရာဒေသမှာ လျှပ်စစ်လုံလောက်စွာရရှိနိုင်မှု ရှိ-မရှိဆိုတဲ့ အချက်ကိုသာအဓိကထား ထည့်တွက်စဉ်းစားကြလေ့ရှိတတ်ကြပါတယ်။ လိုအပ်တဲ့စွမ်းအင်ပမာဏ မရရှိနိုင်ဘူးဆိုရင်လည်းငွေတွေသာရှိမယ်။ မြေနေရာတွေသာပေါများနေမယ်။ ဥပဒေတွေကကောင်းနေမယ်။ အလုပ်သမားတွေသာရှိနေပေမယ့် မည်သူကမျှ လာရောက်ရင်းနှီးမြှုပ်နှံကြမှာ မဟုတ်ပါဘူး။

ယခင်ကာလများဆီက ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဘာကြောင့် မလာရောက်ကြသလဲဆိုတဲ့အဖြေကို တွက်ချက်ယူကြည့်ရင်လည်း ဒီလျှပ်စစ်စွမ်းအင်ရရှိနိုင်မှု မလုံလောက်ဘူးဆိုတဲ့ အချက်အပေါ်မှာပဲ မူတည်ခဲ့တာပါပဲ။ အကျိုးအမြတ်များများစားစားရရှိပြီး နိုင်ငံခြားဝင်ငွေတွေများများရမယ့် နိုင်ငံခြားကကုမ္ပဏီကြီးတွေ အလုံးအရင်းနဲ့ မဝင်ရောက်တာ၊ ကိုယ့်နိုင်ငံအတွင်းကနိုင်ငံသားတွေ အလုပ်အကိုင်အခွင့်အလမ်းရှားပါးနေတာ၊ ပြည်တွင်းထုတ်ကုန်တွေ မရှိသလောက် နည်းပါးပြီး ပြည်ပကသွင်းကုန်တွေကိုပဲ အားကိုးပြီး မှီခိုနေကြရတာတွေရဲ့ အဓိကတရားခံကတော့ လျှပ်စစ်စွမ်းအင် မလုံလောက်တဲ့ပြဿနာက အဓိကအရင်းခံပါလို့ ပြောလို့ရနိုင်ပါတယ်။

ဒါကြောင့်နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ လျှပ်စစ်စွမ်းအင်ကအရေးကြီးဆုံးပါပဲဆိုတာကို ပြောခဲ့ရခြင်းဖြစ်ပါတယ်။ နောက်ဒီလျှပ်စစ်စွမ်းအင် ကိစ္စဟာလည်းတစ်ဖက်ကကြည့်ရင် နိုင်ငံရေးပြဿနာတစ်ခုလိုပါပဲ။ ပြည်သူတွေအတွက် လုံလောက်အောင် ပြတ်လပ်မှုမရှိအောင် မဖန်တီးပေးနိုင်ဘူး ဆိုရင်တော့ ဒီကိစ္စဟာ အစိုးရအပေါ်တာဝန်ကြီးတစ်ရပ်လို ကျရောက်ပြီး နိုင်ငံရေးအရ ထိုးနှက်မှုတစ်ရပ်၊ တစ်နည်းအားဖြင့် နိုင်ငံရေးလက်နက်တစ်ခုလိုဖြစ်လာနေတာကိုလည်း ဒီကနေ့ အမှန်အတိုင်းပဲ တွေ့မြင်ကြရမှာပါ။ ဒီအပေါ်မှာ တည့်တည့်ပြောရမယ်ဆိုရင်တော့ စွမ်းအင်လိုအပ်ချက်နဲ့ နိုင်ငံရေးက ဆက်စပ်နေတယ်လို့ကို ပြောလို့ရနိုင်ပါတယ်။ ဒီသုံးသပ်ချက်မှန် မမှန်ဆိုတာလည်း ယနေ့အစိုးရသစ်တက်လာခဲ့ပြီးတဲ့ သုံးလတာကာလအတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအခြေအနေတွေနဲ့ ဒီဖြစ်စဉ်တွေအပေါ် ပြည်သူတွေထံက ပေါ်ထွက်လာတဲ့ အသံပေါင်းစုံဟာ အစိုးရသစ်အတွက် နိုင်ငံရေးထိုးနှက်ချက်တစ်ရပ်လို ဖြစ်တည်ခဲ့ကြတာကိုလည်း တွေ့မြင်ကြရမှာပဲဖြစ်ပါတယ်။

ဒါဆိုရင်ဒီလိုအခြေအနေတွေ ဘာလို့ဖြစ်ခဲ့ကြသလဲဆိုတဲ့ အဖြေတစ်ခုကိုလည်းရှာဖွေကြည့်ကြဖို့ လိုလာနေပါပြီလို့ပြောရပါတော့မယ်။ ဒါတွေကို သမိုင်းကြောင်းနဲ့ချီပြီး ပြန်တွေးယူကြရရင် ယခင့်ယခင်အစိုးရတွေ လက်ထက်တုန်းကလည်း လျှပ်စစ်ဓာတ်အားတွေအများကြီးရဖို့ နှစ်ရှည်စီမံကိန်းတွေ နှစ်တိုစီမံကိန်းတွေချပြီး ဆောင်ရွက်ခဲ့ကြပေမယ့်လည်း ယနေ့ထက်ထိတော့ လုံလောက်စွာမရရှိသေးသလို အများကြီးလည်း မထုတ်လုပ်နိုင်သေးပါဘူး။ အချို့သော စီမံကိန်းကြီးအတော်များများအနေနဲ့လည်း ပြီးဆုံးတဲ့အထိ ရှိမနေသေးဘဲနိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုအပ်ချက်အကြားမှာ ဆောက်လုပ်ဆဲအဆင့်သာ ရှိနေသေးတာကိုလည်း လေ့လာမိကြမှာပါ။ ယခင်အစိုးရဟောင်းလက်ထက် ငါးနှစ်တာကာလမှာလည်း သူ့နည်းသူ့ဟန်နဲ့တော့ အမျိုးသားစီမံကိန်းတွေအလီလီချပြီး အတန်တန်ဆောင်ရွက်ခဲ့ကြပေမယ့်လည်း နောက်ဆုံးကတော့ ဒုံရင်းဟာဒုံရင်းဆိုသလို ယနေ့လက်ရှိအခြေအနေတွေကရုန်းမထွက်နိုင်ကြသေးပါဘူး။ ကမ္ဘာ့ဘဏ် (World Bank)ရဲ့ ကူညီမှု၊ ADB အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ထောက်ပံ့မှုနဲ့ ဂျပန်နိုင်ငံက ဂျာကာအစီအစဉ်တွေ အကြားမှာပြီး ပြည့်စုံတဲ့ စွမ်းအင်လိုအပ်ချက်တစ်ရပ်အဖြစ် အဖြေထွက်ပေါ်မလာခဲ့ပါဘူး။

> အစိုးရသစ်အနေနဲ့လည်း စွမ်းအင်လိုအပ်ချက်ကို ထည့်တွက်စဉ်းစားတော့မယ်ဆိုရင် ကာလတိုအတွင်း အကောင်အထည်ပေါ်လာမယ့် နေရောင်ခြည်နဲ့ လေအားကနေ ထုတ်ယူတဲ့စနစ်ကိုသာ ကမ္ဘာ့အခြားနိုင်ငံများနည်းတူ ထည့်တွက်စဉ်းစားဖို့ လိုလာနေပြီဆိုတဲ့အဖြေကို တွက်ဆထုတ်ယူနိုင်မှာပါ။ နောက်ကိုယ့်နိုင်ငံက အထွက်အများဆုံးဖြစ်တဲ့ ဂက်စ်ကို အကျိုးရှိရှိအသုံးချတတ်ဖို့ လိုလာနေပြီလို့လည်း ခမ္မခိဌာန်ကျကျ တွေးယူကြရတော့မှာဖြစ်ပါတယ်။ ကျောက်မီးသွေးကထုတ်တဲ့ . . .

ကမ္ဘာ့ဘဏ် ရဲ့အကူအညီနဲ့ ကျေးလက်ဒေသမီးလင်းရေးအစီအစဉ်မှာ ဆိုလာစနစ်ကိုထည့်သွင်းတွက်ချက်ခဲ့ပြီး အခမဲ့ပေးဝေငှတာတွေရှိခဲ့ပေမယ့်လည်းအမှန်တော့ ဒါဟာရေရှည်ကောင်းမွန်တည်တံ့စွာ သူတို့ လျှပ်စစ်မီးရရှိစေမယ့် စီမံချက်ကြီးတစ်ခုတော့ မဟုတ်ခဲ့သလို ထောက်ပံ့ခဲ့တဲ့ ဘက်ထရီအိုးရဲ့သက်တမ်း၊ ဆိုလာပြားရဲ့ခံနိုင်မှုနဲ့ ကြားခံကိရိယာစက်ပစ္စည်းအရည်အသွေးနဲ့ ပျက်စီးမှုကြားမှာသူတို့တစ်နှစ်၊ နှစ်နှစ်တော့ အသုံးတည့်ရုံလောက်ပါပဲ။ဒါဆိုရင် ကျေးလက်ဒေသတွေနဲ့ မြို့အနှံ့ကနိုင်ငံသားတွေလျှပ်စစ်မီးလုံလုံလောက်လောက်ရရှိစေမယ့် အခြားစီမံကိန်းကြီးတွေရော ရှိမနေတော့ဘူးလားဆိုတဲ့ မေးခွန်းတွေလည်း ပေါ်ထွက်လာနေခဲ့ပါတယ်။

အစိုးရရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေအနေနဲ့လည်း ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ဂျာကာတို့ရဲ့ နည်းပညာပံ့ပိုးမှု၊ ငွေကြေးထုတ်ချေးပေးမှုတွေအကြားမှာ ဒီထက်ကောင်းမွန်မှန်ကန်တဲ့ ကာလတို၊ ကာလရှည် စီမံကိန်းတွေရော ရှိမနေဘူးလား ဆိုတာလည်း မေးစရာဖြစ်လာနေပါတယ်။ အခြားတစ်ဖက်ကကြည့်လျှင်လည်း လက်ရှိအစိုးရသစ်အတွက် ဒီလျှပ်စစ်စွမ်းအင်ကိစ္စဟာ သူတာဝန်ယူရမယ့် နိုင်ငံရေးငါးနှစ်တာ သက်တမ်းကာလမှာ အောင်မြင်အောင်လုပ်ပြနိုင်မလား၊ နိုင်ငံသားပြည်သူတွေအတွက် လျှပ်စစ်မီးလုံလောက်အောင် ဆောင်ရွက်ပေးနိုင်မလားဆိုတာ အစမ်းသပ်ခံရတော့မှာပဲ ဖြစ်ပါတယ်။ နောင် ၁၀ နှစ်၊ ၁၅ နှစ် ကြာမှ ပြည်စုံလုံလောက်လာမယ်ဆိုတာထက် ယခုအစိုးရသစ်ရဲ့ ငါးနှစ်တာ သက်တမ်းမှာ ဘယ်အဆင့်အထိ တိုးတက်အောင် လုပ်ပေးနိုင်မလဲဆိုတာကိုဘဲ ပြည်သူအများက စိတ်ဝင်တစားရှိနေပုံရနေကြတာပါ။

ပြည်သူတွေအနေနဲ့လည်း ဒီလျှပ်စစ်စွမ်းအင် လုံလောက်အောင် ဘယ်လိုရေရှည်၊ ကာလတိုစီမံကိန်းကြီးတွေ တည်ဆောက်ရမယ်၊ ဘယ်လိုစက်ရုံကြီးတွေ ဘယ်နေရာမှာ လုပ်ရမယ်။ ထုတ်လုပ်မှု ကုန်ကျစရိတ်နဲ့ ကြိုးသွယ်တန်းမှုကုန်ကျစရိတ်တွေအတွက် တစ်ယူနစ်ကို ဘယ်လောက်ကုန်ကျနိုင်မယ်ဆိုတဲ့ အင်ဂျင်နီယာ စံနှုန်းတွေကို အသေအချာမသိရှိကြပေမယ့်လည်း ဒီလျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ်ကတစ်နည်း (Hydro System )၊ ဒီဇယ်နဲ့ ဂက်စ်အင်ဂျင်တပ် စက်တွေနဲ့တစ်ဖုံ၊ (Fuel System) ကျောက်မီးသွေးလောင်စာထည့်ပြီးတော့တစ်မျိုး (Coal System)၊ နေရောင်ခြည်ကနေတစ်ဆင့် (Solar System) နဲ့ လေ (Air System)တွေကတစ်ဆင့် ဒိုင်နမိုကြီးတွေကိုလည်ပတ်စေပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှာ တည်ဆောက်လို့ ထုတ်ယူသုံးစွဲနေကြတယ်ဆိုတာတော့ သူတို့ သိထားကြပါတယ်။

ဒီလိုဆိုရင်ဒီလိုလျှပ်စစ်ဓာတ်အားတွေကို လုံလုံလောက်လောက်ရရှိကြဖို့ အခြေခံကျတဲ့ ကုန်ကြမ်းလိုအပ်ချက် အရင်းအမြစ်တွေ ကျွန်တော်တို့နိုင်ငံမှာ ရှိမနေလို့လား။ ဒါမှမဟုတ် နည်းပညာ လိုအပ်ချက်ကြီးကြီးမားမား ရှိနေလို့လားဆိုတဲ့အပိုင်းကလည်း အရေးတကြီး တွေးပူစရာဖြစ်လို့လာနေပါတယ်။ အစောပိုင်းကလိုအပ်တဲ့ ကုန်ကြမ်းတွေဖြစ်တဲ့ ရေအားတွေအတွက် ကျွန်တော်တို့နိုင်ငံမှာ မြစ်ကြီး လေးစင်းနဲ့ ချောင်းငယ်၊ မြောင်းငယ်ပေါင်းမြောက်မြားစွာ ရှိနေသလို ဂက်စ်(Gas)ဆိုရင်လည်း အရှေ့တောင်အာရှမှာ အထွက်ဆုံးနိုင်ငံလို့ သိထားကြပါတယ်။ ဒါ့အပြင် ကျောက်မီးသွေး (Coal) ဆိုရင်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိတဲ့အနက် ၁၀ ခုမှာ တူးဖော်ရရှိနိုင်တယ်လို့ ဖတ်ခဲ့ရသလို ဒီဇယ်ကို လေ့လာကြည့်လိုက်ရင်လည်း ဒီကနေ့ကမ္ဘာမှာ ဈေးအကျဆုံးအရာကိုပြပါဆိုရင် ရေနံဈေးပါပဲ။ ဈေးပေါပေါနဲ့ များများစားစားရနိုင်နေပါတယ်။ နောက်တစ်ခုက နေရောင်ခြည် (Solar)နဲ့ ထုတ်မယ်ဆိုလည်း နေရောင်ခြည်ကောင်းစွာရရှိနိုင်မယ့်နေရာတွေ မြန်မာပြည်အထက်ပိုင်း လွင်ပြင်ဒေသမှာ ပေါမှပေါ ဆိုသလို လေအားကနေထုတ်ယူမယ်ဆိုရင်တော့ သုတေသနတိုင်းတာတွက်ချက်မှုတွေအရ တစ်နှစ်ပတ်လုံး လေကွင်းလေကွက်ကောင်းစွာရရှိနိုင်တဲ့ ငပလီလို ကမ်းခြေတွေအများအပြားရှိနေပြီး ချင်းတောင်တန်းကြီးတွေလိုပေါများတဲ့ တောင်တန်းတွေများစွာရှိနေတာကို တွေ့ရှိကြရမှာပါ။

လျှပ်စစ်မီးရရှိဖို့အတွက် အဓိကလိုအပ်တဲ့ အရင်းအမြစ်တွေ ပြည့်စုံစွာရှိနေပြီဆိုတာတော့ အမှန်ဆိုပေမယ့် နောက်လိုအပ်တဲ့ ဆက်စပ်ကိရိယာတွေဖြစ်တဲ့ စက်ပစ္စည်းတွေ၊ နည်းပညာတွေအတွက်လည်း အခုလို နိုင်ငံတကာက ကူညီမယ်၊ မစမယ်လို့ အသီးသီးလာနေကြတဲ့အချိန်မှာ ဒါဟာမခက်ခဲနိုင်ကြဘူးလို့ ထင်မြင်မိပါတယ်။ နောက်တစ်ချက်ကလည်းယနေ့လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပမာဏဟာ အရှေ့တောင်အာရှမှာ အနည်းဆုံးနိုင်ငံဖြစ်နေသလို တစ်ဖက်ကလည်း သူနဲ့လိုက်လျောညီထွေကျစွာ ဖွံ့ဖြိုးမှုအနည်းဆုံး၊ တိုးတက်မှု အနောက်ကျဆုံးနိုင်ငံဖြစ်နေတာကိုလည်း ယှဉ်တွဲမြင်နိုင်ကြမှာပါ။

အချုပ်အားဖြင့် တင်ပြလိုတာကတော့ အစိုးရသစ်အနေနဲ့ နိုင်ငံတစ်ခုရဲ့ ပုံမှန်လုပ်နည်းအတိုင်းဥပဒေစည်းဘောင်တွေအတွင်းကနေပြီးချပေးတဲ့ ဘတ်ဂျက်လေးနဲ့တင် ကိုယ့်ဌာနတွေက တွက်ချက်ဆောင်ရွက်ကြမယ့် စီမံချက်တွေအစား အဲဒီလမ်းစဉ်ကနေ စွန့်စားဖောက်ထွက်ပြီး တုံးတိုက်တိုက် ကျားကိုက်ကိုက်ဆိုသလို ရဲရဲဝင့်ဝင့်ဆောင်ရွက်မှသာ သက်တမ်း ငါးနှစ်အတွင်းကာလ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ အကောင်အထည်ပေါ်လို့ လူထုထောက်ခံမှုကိုလည်း ရရှိစေနိုင်မယ်။ တိုင်းပြည်လည်း တိုးတက်လာမယ်လို့ သုံးသပ်ကြည့်မိပါတယ်။

ယနေ့ ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားထုတ်ယူမှုအပိုင်းက ကြည့်ရင် ရေအားလျှပ်စစ် (Hydro Power System) ကနေ ထုတ်ယူမှုဟာ ၇၀ ရာခိုင်နှုန်းရှိနေတယ်လို့လည်းမှတ်သားထားမိပါသေးတယ်။ ဒီနေရာမှ ထပ်မံတင်ပြလိုတာကတော့ အစိုးရသစ်အနေနဲ့ နိုင်ငံတော်ရဲ့စွမ်းအင်လိုအပ်ချက်ကို ရဲဝင့်တဲ့ နည်းလမ်းနဲ့ စွန့်စွန့်စားစားဆောင်ရွက်တော့မယ်ဆိုရင်လည်း ရေရှည်တည်ဆောက်ရေးလုပ်ငန်းဖြစ်တဲ့ ရေအားလျှပ်စစ်ဆိုတာကို မရွေးချယ်သင့်တော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ယနေ့ကမ္ဘာနဲ့အဝန်းဖြစ်ပေါ်နေတဲ့ ပြောင်းလဲမြန်လာနေတဲ့ (Weather Changed) တွေ၊ မကြာခဏ ဖြစ်ပေါ်လာနေတတ်တဲ့မြေငလျင်လှုပ်မှုတွေ၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကို ပျက်စီးစေခဲ့တာကြောင့် ရေစီးရေလာအလျင်ကြော မမှန်တော့ဘဲ ဆည်တွေရဲ့အောက်ခြေ မြစ်ကြောင်းတစ်လျှောက်က လူသတ္တဝါတွေနေတဲ့ မြို့ရွာတွေ၊ စိုက်ခင်းတွေ အတွက် နှစ်စဉ်တွေ့ကြုံနေရတဲ့ ရေကြီးရေလျှံမှုတွေအကြားမှာ ဒီရေအားလျှပ်စစ် ဆိုတာကိုလည်း ထည့်တွက်စဉ်းစားဖို့ ခက်ခဲစေလာတော့မှာဖြစ်ပါတယ်။ အမှန်ဆိုရင် သူ့ထံကရရှိတဲ့ ကောင်းကျိုးထက်ဆိုးကျိုးက ပိုများတယ်ဆိုရင် ပိုမှန်လာနေပါပြီ။

ဒါကြောင့်သာ အစိုးရသစ်အနေနဲ့လည်း စွမ်းအင်လိုအပ်ချက်ကို ထည့်တွက်စဉ်းစားတော့မယ်ဆိုရင် ကာလတိုအတွင်း အကောင်အထည်ပေါ်လာမယ့် နေရောင်ခြည်နဲ့ လေအားကနေ ထုတ်ယူတဲ့စနစ်ကိုသာ ကမ္ဘာ့အခြားနိုင်ငံများနည်းတူ ထည့်တွက်စဉ်းစားဖို့ လိုလာနေပြီဆိုတဲ့အဖြေကို တွက်ဆထုတ်ယူနိုင်မှာပါ။ နောက်ကိုယ့်နိုင်ငံက အထွက်အများဆုံးဖြစ်တဲ့ ဂက်စ်ကို အကျိုးရှိရှိအသုံးချတတ်ဖို့ လိုလာနေပြီလို့လည်း ခမ္မခိဌာန်ကျကျ တွေးယူကြရတော့မှာဖြစ်ပါတယ်။ ကျောက်မီးသွေးကထုတ်တဲ့ စနစ်အတွက်ကတော့ လူသတ္တဝါတွေအတွက် ဘေးထွက်ဆိုးကျိုးတွေများစွာရှိနေတာမို့ ဒါကိုလည်းရေရှည်အကျိုးစီးပွားကို ထည့်တွက်စဉ်းစားတတ်ဖို့လည်းလိုလာနေပါပြီဆိုတဲ့ အကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါတယ်။

## ပြည်တွင်းရေးရာ

### စိုက်ပျိုးနည်းစနစ်ငါးမျိုး ယှဉ်ပြိုင်စိုက်ပျိုးခြင်းသရုပ်ပြ

**ကံမ အောက်တိုဘာ ၁၂**

တောင်သူလယ်သမားများ စိုက်ပျိုးရေးနည်းပညာများအား အသုံးချမှုပိုမိုတိုးတက်မြင့်မားလာပြီး စိုက်ပျိုးနည်းစနစ်များအား လေ့လာအသုံးပြုတတ်လာစေရန် ရည်ရွယ်၍ စပါးအထွက်နှုန်းမြင့်မားစေရေးအတွက် စိုက်ပျိုးနည်းစနစ် ငါးမျိုးအား ယှဉ်ပြိုင်စိုက်ပျိုးသည့် ပညာပေးကွင်းဆင်းသရုပ်ပြပွဲကို အောက်တိုဘာ ၇ ရက်က မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ ကျောက်မဲကျေးရွာကွင်းအမှတ်(၁၆၀)(က) တောင်သူဦးကျော်ငွေ၏ ရတနာတိုး မိုးစပါးငါးဧကတွင် ပြုလုပ်ခဲ့ရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းဇော်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာအုပ်စုခုနစ်အုပ်စုတို့မှ တောင်သူကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက စိုက်ပျိုးနည်းစနစ်ငါးမျိုး၏ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မိမိရေမြေဒေသနှင့်ကိုက်ညီသည့် အထွက်တိုးစိုက်ပျိုးနည်းစနစ်ကို သိရှိရန်၊ ရွေးချယ်စိုက်ပျိုးတတ်စေရန် အသေးစိတ်ဆွေးနွေးတင်ပြရာ တောင်သူများ၏ ပြန်လည်မေးမြန်းချက်များအရ စိုက်ခင်းအတွင်း လက်တွေ့ပညာပေးပြသခဲ့ကြောင်း သိရသည်။ **(ဝ၄၃)**

### မူခင်းဆိုင်ရာ အသိပညာကောင်းများရရှိစေရေး ဆောင်ရွက်

**ဝါးခယ်မ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား မူခင်းဆိုင်ရာ အသိပညာများထိရောက်စွာရရှိစေရန်ရည်ရွယ်ပြီး အောက်တိုဘာ ၁၁ ရက် နံနက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာဈေးအနီး ဗိုလ်ချုပ်ပန်းခြံရှေ့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းရှေ့နှင့် မြို့နယ်အတွင်းသို့ လိုက်လံကာ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ မူခင်းအသိပညာပေးယာဉ်ဖြင့် မူခင်းဆိုင်ရာ အသိပညာများ လှည့်လည်ပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေ့လျားပြခန်းယာဉ်တွင် မူးယစ်ဆေးဝါးအန္တရာယ်၊ မူခင်းဆိုင်ရာများ၊ လူကုန်ကူးမှုဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ စာစောင်များ ခင်းကျင်းပြသထားရှိပြီး ပြခန်းယာဉ်သို့ လာရောက် လေ့လာကြသော ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပေးသည်။

ယင်းသို့ မူခင်းဆိုင်ရာ ရွေ့လျားပြခန်းယာဉ်ဖြင့် အသိပညာပေးခြင်းအား ဝါးခယ်မမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးငွေအောင်၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် နေမျိုးအောင် ဦးဆောင်သော ငါးဦးအဖွဲ့နှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ရာ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သလို လက်ဆင့်ကမ်း အသိပညာမျှဝေမှုအနေဖြင့် မူခင်းဆိုင်ရာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **လွမ်းသီဟ(ဝါးခယ်မ)**

# တောင်သူ ၅၄ ဦး လုပ်ကိုင်သည့်မြေများကို ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက သိမ်းဆည်းရယူထားကြောင်း တိုင်ကြားစာများနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်း



**ကျောက်တံခါး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီက တောင်သူ ၅၄ ဦး လုပ်ကိုင်သည့်မြေများကို ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက သိမ်းဆည်းရယူထားကြောင်း တိုင်ကြားစာများနှင့်ပတ်သက်၍ တွေ့ဆုံညှိနှိုင်းရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာအုပ်စုမှ တောင်သူဦးထွေးနိုင်၊ ဆင်ဇလုပ်ကျေးရွာအုပ်စုမှ တောင်သူဦးသန်းဝင်း၊ တူမောင်ကျေးရွာအုပ်စုမှ တောင်သူ ဦးမင်းလွင်၊ ခင်အင်းကြီးကျေးရွာအုပ်စုမှ တောင်သူ ဦးအောင်ကြည်တို့၏ ဓားမဦးချလုပ်ကိုင်ခဲ့သောမြေများနှင့်ပတ်သက်၍ ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက သိမ်းယူခဲ့သောကိစ္စများအား အသီးသီးတင်ပြရှင်းလင်းကြပြီး ကုမ္ပဏီမှတာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းကာ တောင်သူ ၅၄ ဦးနှင့် ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ သဘောတူညီချက်အရ ပြန်လည်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံညှိနှိုင်းရှင်းလင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ သိမ်းဆည်းခံရမှုမြေများ ပြန်လည်စိစစ်ရေးအဖွဲ့များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြေသိမ်းခံရသည့်တောင်သူ ၅၉ ဦး၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်နှစ်ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

### ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းဖွင့်လှစ်

**ဒဂုံတောင် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် လူဆိုး၊ သူခိုးများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးကို ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အစီအစဉ်ဖြင့် အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များကို ဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်း (၄/၂၀၁၆) ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒဂုံတောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီကပြုလုပ်ရာ အခမ်းအနားသို့ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေး၊ အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြ တပ်ဖွဲ့ဝင်ငါးဦး၊ သင်တန်းသားတပ်ဖွဲ့ဝင် ၂၀ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးမှ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ပြောကြားသည်။ အဆိုပါသင်တန်းကို ဒဂုံတောင်မြို့နယ် ၂၅ ရပ်ကွက် မိုးလုံလေလုံခန်းမ၌ နှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နှင်းနှင်း(ဒဂုံတောင်)**

### မူးယစ်ဆေးဝါးကင်းစင်နယ်မြေအဖြစ် သတ်မှတ်



**ရေး အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်ဖြစ်သော သီရိမာလာရပ်ကွက်၊ ဇီးဖြူသောင်ကျေးရွာနှင့် လမိုင်းမြို့ မြို့မ ၂၊ ဒိုသမီကျေးရွာတို့ကို အောက်တိုဘာ ၁၁ ရက်မှစတင်ကာ မြို့နယ်ရဲတပ်ဖွဲ့မှ မူးယစ်ကင်းစင်နယ်မြေအဖြစ် တရားဝင်သတ်မှတ်ထား၍ ဆိုင်းဘုတ်စိုက်ထူတ်ပြန်ခဲ့ကြကြောင်း သိရသည်။

ရေးမြို့နယ်မူးယစ်တပ်ဖွဲ့စု ၃၉ မှ ဒုရဲမှူးသန်းဇော်က ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ် ယနေ့အချိန်အထိ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့သောအမှုမှာ ၂၈ မှုရှိပြီး စိတ်ကြွဆေးပြား ၂၅၀၃ ပြား၊ ဒိုင်ယာစီဗင် ၂၉ ပြား သိမ်းဆည်းရမိပြီး ကျား/မ တရားခံပေါင်း ၃၆ ဦးရှိရာ ကွင်းဆက်တရားခံ ၁၃ ဦးကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မူးယစ်ဆေးဝါးကင်းစင်နယ်မြေများသတ်မှတ်ထားသော်လည်း သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုတချို့က ယခင်အချိန်ကာလတွေထက် ဖမ်းဆီးအရေးယူပညာပေးများကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ခြင်းကြောင့် လျော့နည်းကျဆင်းလာပေမယ့် အနည်းငယ်သာသုံးစွဲသူများ ကျန်ရှိနေသေးကြောင်း ဆက်လက်ပြောကြားခဲ့သည်။ **ထွန်းထွန်း(ရေး)**



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အတွင်းပဒံကျေးရွာအုပ်စုရုံး၌ အောက်တိုဘာ ၁၀ ရက်က သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ စိစစ်ရေးကော်မတီ(မြေစစ်ကော်)လုပ်ငန်းဆောင်ရွက်မှုအား လှိုင်သာယာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ တက်ရောက်၍ အနီးကပ်လမ်းညွှန်မှုပေးခဲ့ကြောင်း သိရသည်။ (၃၂၉)

### လူထုအခြေပြုလေ့လာမှုစခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ကျောက်ကြီး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် လူထုအခြေပြုလေ့လာမှုစခန်း (Community Learning Center) ဖွင့်ပွဲအခမ်းအနားကို ကျောက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ အောက်တိုဘာ ၇ နံနက် ၉ နာရီခွဲကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်က အမှာစကားပြောကြားပြီး တောင်ငူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြစန်းရီက လူထုအခြေပြုလေ့လာမှုစခန်းဖွင့်လှစ်ရခြင်း၏ လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အောင်ဆန်းဆရာတော် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာသို့ သာသနာပြုခရီးကြွတော်မူခြင်း

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက၊ အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)၊ အင်္ဂပူမြို့ ကျွဲသောင်အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊ သထုံမြို့နန္ဒဝန်ကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊ မန္တလေးမြို့ ဝေသာလီမဟာဂန္ဓာရုံကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ၊ လေးမျက်နှာမြို့ ပြည်ငြိမ်းအေးကျောင်း အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲတို့၏ ဦးစီးပဓာန မဟာနာယက၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုဘွဲ့တံဆိပ်တော်ရ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော်ထေရ်ရှင်မြတ်သည် ကျောင်းအကျိုးတော်ဆောင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမ၊ ယောဂီ (၂၀၀) ဦးလိုက်ပါလျက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ၁၂-၁၀-၂၀၁၆ရက် (သီတင်းကျွတ်လဆန်း ၁၁ ရက်)တွင် လေကြောင်းခရီးဖြင့် သာသနာပြုခရီး ကြွတော်မူပြီး အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်းတိုက်နှင့် မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်ခြေရင်းတွင် ၁၃-၁၀-၂၀၁၆ရက်မှ ၁၉-၁၀-၂၀၁၆ရက်ထိ ခုနစ်ရက်တိုင် ဝိပဿနာတရားစခန်းဖွင့်လှစ်ပြီး ပဋ္ဌိစ္စသမုပ္ပာဒ် သစ္စာတရားတော်များကို ဟောကြားပြသ အားထုတ်၍ ပူဇော်မည်ဖြစ်ကြောင်းနှင့် ဆရာတော်သည် ၁၉-၁၀-၂၀၁၆ရက် (သီတင်းကျွတ်လပြည့်ကျော် ၃ ရက်)တွင် ရန်ကုန်သို့ ပြန်လည် ကြွတော်မူမည်ဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ (၇၇)**
**အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၁-၆၄၅၇၉၇**

ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဘားအံ၊ ချစ်သျှမြိုင်
Oct(7,14,28) Hotel/Visa (75000)
ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ
Oct(14)Nov(11)Hotel (180000)
09421073634, 777636630

YANGON CAR RENTAL
ဘုရားဖူးသွားသွား၊ အပျော်ခရီးထွက်ထွက်
ယာဉ်မျိုးစုံ
စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ပေးပါသည်။
09-43029618

ODYSSEY
ပြည်တွင်းပြည်ပ လေယာဉ်လက်မှတ်
အိမ်အရောက်ပို့ ဝန်ဆောင်မှု
မြန်မာတစ်ပြည်လုံးမှ ကောင်းခွဲကိုယ်စားလှယ်များ
စိတ်ဝင်စားလျှင်ဆက်သွယ်ပါ။
ရန်ကုန်ရုံးချုပ် - 0973070193, 0973187799
ကြည့်မြင်တိုင်အရောင်းခွဲ - 09 451600011
အင်းစိန်အရောင်းခွဲ - 09 451600022
မရမ်းကုန်းအရောင်းခွဲ - 09 451600033
ညောင်ရွှေအရောင်းခွဲ - 09 451600008
တောင်ကြီးအရောင်းခွဲ - 09 451600009



JCU SINGAPORE
ဩစတြေးလျနိုင်ငံရှိ JAMES COOK UNIVERSITY ကြီးမှ စင်ကာပူနိုင်ငံတွင် တိုက်ရိုက်ဖွင့်လှစ်သင်ကြားသည့် ကျောင်းခွဲသို့ တက်ရောက်ပညာဆည်းပူးလိုသော မြန်မာကျောင်းသူ/သားများအတွက်
FREE University ADMISSIONS & Information Day
Saturday 15 OCTOBER
FREE ADMISSIONS DAY
မနက် (၁၀) နာရီမှ ညနေ (၄) နာရီအထိ
AT&S Co., Ltd – လမ်းမတော်ရုံးခွဲ
ကျောင်းသား/သူများအတွက် ကျောင်းလျှောက်ထားရန် အထူးအခွင့်အရေး
NO School Application Fees
FREE 1-Way AIR Ticket
GIFT Items
အမှတ် ၆၇ (မြေညီထပ်-ယာ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
၀၉-၅၀၆၂၀၇၁ ၀၉-၇၇၇၂၂၃၂၂၀ ၀၉-၇၇၇၂၂၃၂၂၅
AT&S /eduGlobalVillage
MBA, MPA, MIT စသည့် မဟာဘွဲ့ဒီဂရီများကို တက်ရောက်လိုသူများအတွက် ကျောင်းဝင်ခွင့်ဆိုင်ရာများနှင့် ပူးတွဲ ဒီဂရီများ အကြောင်း ....
တက္ကသိုလ် ပထမနှစ် အောင်မြင်ပြီး မြန်မာကျောင်းသားများ JCUS တွင် ဒီဂရီတန်းကို တိုက်ရိုက် တက်ရောက် နိုင်ပြီး (၂) နှစ် အတွင်း ဘွဲ့ရရှိနိုင်ခြင်း ....
HND (သို့မဟုတ်) နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာတန်း အောင်မြင်ပြီးသူများအနေဖြင့် ဘာသာရပ်ကင်းလွတ်ခွင့်များ ရရှိနိုင်ခြင်း ....
ကျောင်းသားတစ်ဦးစီအတွက် ဝါသနာပါသည့် သင့်လျော်ရာ ဘာသာရပ်တို့ကို ရွေးချယ် အကြံပေးခြင်း၊ ကျောင်းလျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်းများ အခမဲ့ ပြင်ဆင်ပေးခြင်း၊ အဆောင်များ အိမ်ခန်းများ စီစဉ်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အရေးများ ဆွေးနွေး အကြံပြုခြင်း....

ဗမာဆေးသုတ်အဖွဲ့ (H.H.H)
(၁) ဝေတင်းသည် Unitex -100,150,220,250
Orient -200,250,300,350
Premier -250,350,400
ICI -350,450,700
Nippon -400,500,750
www.myanmarpaintgroup.com
09-799901512, 09-73174830, 09-5131799

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

မနောရမ္မပညာဒါနသင်တန်းများဖွင့်မည်
စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် ဝါရင့်ဆရာ/ဆရာမကြီးများကိုယ်တိုင်အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ ထိုင်း၊ အီလက်ထရွန်းနစ်၊ Management၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင် LCCI- I+II+III သင်တန်းများနှင့် ဖုန်းပြင် Hardware/Software သင်တန်းများကို ပညာဒါနအဖြစ်သင်ကြားပေးမည်။
သင်တန်းအားလုံး – ၂၂–၁၀–၂၀၁၆ ရက်ဖွင့်မည်။
စုံစမ်းရန် – အရှေ့ဥယျာဉ်တိုက်၊ ဗဟိုလမ်း(ရှမ်းလမ်း) တရားရုံးအနောက်(ဓာတ်ဆီဆိုင်အနီး) ၅၁၈၀၂၄၊ ၅၃၇၀၂၆ (စမ်းချောင်း)




CITY BOOKS & MUSIC
စာအုပ်ပွဲတော်
In cooperation with :
SEIKKU CHO CHO
Quality Publishing House
TODAY
20th ~ 24th Oct, 2016
10% off
စာအုပ်စာပေကို ချစ်မြတ်နိုးတဲ့ စာဖတ်ပရိသတ်များအတွက် စာပေတိုက်များမှ
စာအုပ်ပေါင်းများစွာကို တစ်နေရာတည်းမှာ စုံလင်စွာရနိုင်မည့်အစီအစဉ်...
@ City Mart Supermarket - Thamine Branch
(သမိုင်းဘူတာရုံလမ်းနှင့် အင်းစိန်လမ်းထောင့်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။)


ကမ္ဘာ့လက်ဆေးနေ့ကို
လက်ကမ်းကြိုဖို့ familycare နဲ့
လက်ဆေးကြစို့ ...
familycare
99.99%


Germany နိုင်ငံမှ အရည်သွေးမြင့် ဆီးချိုသွေးချိုတိုင်းစက်
Germany နိုင်ငံမှ အရည်သွေးမြင့် သွေးပေါင်ချိန်တိုင်းစက်
MADE IN GERMANY
Autocode
(၅) နှစ်အာမခံ
HARTMANN
Tensoval
Omnitest 3
6.9
B BRAUN
● သွေးပမာဏ အနည်းငယ်သာ လိုအပ်ခြင်း။
● အချိန် (၅) စက္ကန့်အတွင်း တိကျမှန်ကန်သော အဖြေကို ရရှိနိုင်ခြင်း။
● mg/dl တစ်မျိုးတည်းသာပါဝင်၍ setting ပြောင်းရန်မလိုခြင်း။
Tensoval duo control
သွေးပေါင်ချိန်တိုင်းစက်တွင်
Oscillometric technology နှင့်
Korotkoff's technology နှစ်ခု
ပေါင်းစပ်ထားသောကြောင့်
တိုင်းတာရာတွင် တိကျမှန်ကန်မှုရှိခြင်း
Adaptor ဖြင့် အသုံးပြုနိုင်ခြင်း
Memory အကြိမ် (၆၀) ကို (၃၀) စီ
နှစ်ခုခွဲ၍ သိမ်းဆည်းနိုင်ခြင်း။
(၃) နှစ်အာမခံ
Contact Our Support Team New!
Ko Myint Ngwe
09 974034816
Yangon Head Office
Dr. Min Soe Aung
09 43093341
Nay Pyi Taw Office
Ma Ei Ei Phyo
09 970820077
Mandalay Office
Yangon Head Office Hotline 09 73009220, 01 654956
Email : concordiaygn@gmail.com
Nay Pyi Taw Office Hotline 067 420819
Email : nptconcordia@gmail.com
Mandalay Office Hotline 09 5067172
Email : cilmdy@gmail.com
LIKE US ON facebook
CONCORDIA INTERNATIONAL
https://web.facebook.com/ConcordiaInternational.Ltd/


GS GRAND STYLE
YOUR PROJECT PARTNER
Is the leading construction material store in Myanmar. We are providing product range cover more than 1,200 items for both small scale construction until mega project with complete services as one stop shopping.
GRAND STYLE
YOUR PROJECT PARTN
North Okkalapa General Hospital
GRAND STYLE
Lighthouse every moment
GRAND
FOX FLOORING
Thiri Yadanar Wholesale Market Compound
Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon,
Building : G3, Room No. 46-52 သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
TEL 09-785088488, +95-9-5088488
GrandStyleMM
www.grandstylemm.com


ငွားမည် (ပွဲစားမလို)
ရန်ကင်း၊ရွှေအုန်းပင် (1)
MBR1,BR2,AC3,လိုက်ကားသုံးမန်း
မေ့ညိုနှင့် 374648, 09421025403
249380, 0943152297



ခရုံမြို့သစ်
အလွှာပိုင်း
သိမ်တော်မြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620



HAPPY
ကော်ဖီ
လက်ဖက်ရည်
ခရင်(မ်)မီကော်ဖီ
ကွေကာ
ပျော်ရွှင်ဆင်နွှဲ သီတင်းကျွတ်ပွဲမှာ
အားလုံး အားလုံး ပျော်ဖို့ . . .
HAPPY®
30g
3 in 1
Instant Tea Mix
ကော်ဖီ၊ လက်ဖက်ရည်၊ ခရင်(မ်)မီကော်ဖီ၊ ကွေကာ




Singapore Property Update & Introduction of Luxurious Projects ပွဲကိုရန်ကုန်မြို့ Novotel Hotel တွင်ကျင်းပမည်
KAE Alliance Marketing Agency နှင့် Singapore နိုင်ငံ၏ Listed Company ကြီးဖြစ်သည့် Guocoland Company တို့ ပူးပေါင်းပြီး စင်္ကာပူနိုင်ငံ၏ Property Update များအပြင် Singapore နိုင်ငံ၏ နှစ်ပေါင်း (၂၀) အတွင်း မှာပထမဦးဆုံး အနေဖြင့် Singapore's Newest Icon တစ်ခုဖြစ်လာမည့် Wallich Residence Condominium နှင့်အတူ အခြားသော Luxury Condo Projects (၂)ခုကို ပထမဆုံးအကြိမ်ဖြင့် မြန်မာနိုင်ငံသားများ ဝယ်ယူနိုင်ရန် အောက်တိုဘာ (၂၂)ရက်နေ့ (စနေနေ့) နေ့လည် ၂နာရီတွင် Novotel Hotel ၌မိတ်ဆက်ပေးသွားမှာဖြစ်ပါသည်။
လူကြီးမင်းတို့ အနေဖြင့် ပွဲသို့ တက်ရောက်မည်ဆိုပါက Register ပြုလုပ်ရန် လိုအပ်ပါသဖြင့် KAE Alliance Company သို့ ဆက်သွယ်ပေးပါရန်...
Singapore's Tallest Residential Development
WALLICH RESIDENCE
စင်္ကာပူနိုင်ငံ မြို့လယ်ခေါင် CENTRAL BUSINESS DISTRICT AREA (CBD) စီးပွားရေးအချက်အချာနေရာ Tanjong Pagar တွင်တည်ရှိသော စင်္ကာပူနိုင်ငံ၏ အမြင့်ဆုံး ကမ္ဘာ့အဆင့်မြင့် WALLICH RESIDENCE LUXURY တွန်ဒိုမီနီယမ်ကြီးအား မြန်မာနိုင်ငံသားများ ဝယ်ယူနိုင်ရန် KAE Alliance မှဂုဏ်ယူစွာဖြင့် ယူဆောင်လာခဲ့ပြီဖြစ်ပါသည်။
LR
LEEDON RESIDENCE
OWN A FREEHOLD MASTERPIECE
Leedon Residence Condo သည်စင်္ကာပူနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲများနှင့် လူဂုဏ်ထံ အသိုင်းအဝိုင်းများ နေထိုင်ရာ Good Class Bungalow ရိယာတွင်ဖြစ်သည့် District 10 နေရာတွင်တည်ရှိသော အဆင့်မြင့် Luxury Condo ဖြစ်ပါသည်။
SIMS URBAN OASIS
"AN OASIS OF LUXURY FOR THE FAMILY"
District 14 တွင်တည်ရှိသောကြောင့် မြို့လယ်ခေါင်နှင့် (၈)မိနစ်ခန့်သာဝေးပြီး Aljunied MRT (5 mins walk), Singapore Sport Hub, Paya Lebar Central, Changi Airport အစရှိသောနေရာများကိုလဲ မိနစ်အနည်းငယ်အတွင်း သွားရောက်လာနိုင်ပါသည်။ နာမည်ရကျောင်းကြီး (၁၂) ကျောင်း (James Cook University, Nexus International School အပါအဝင်) သည်လဲ Condominium ၏အနီးပတ်ဝန်းကျင်တွင် ရှိခြင်းကြောင့် သားသမီးပညာရေး အတွက်ပါဖြစ်ဖြစ်၊ ရင်းနှီးမြှုပ်နှံလို၍ပဲဖြစ်ဖြစ် ဝယ်ယူထားသင့်သော Condominium ပဲဖြစ်ပါသည်။
brought to you by
KAE Alliance
Condo Marketing Agency
developed by
GuocoLand
Please call us for more information
09799226055 | 09799226066
kaealliances@gmail.com


Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော
အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO & SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

# ပြည်ထောင်စုဝန်ကြီးများနှင့် မောင်တောမြို့ရှိ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တွေ့ဆုံ

## စိုးရိမ်ပူပန်ကြောင့်ကြမှု မရှိရေး၊ တရားဝင်ထုတ်ပြန်သောသတင်းများကိုသာ ယုံကြည်လက်ခံကြရန်ပြောကြား

**မောင်တော အောက်တိုဘာ ၁၂**

စစ်တွေမြို့သို့ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးခင်မောင်တင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ထွက်ခွာရာ ညနေ ၃ နာရီခန့်တွင် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ မောင်တောမြို့သို့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းတို့နှင့်အတူ မောင်တောခရိုင်ရှိ မြို့မိမြို့ဖများ၊ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မောင်တောမြို့ သီရိရတနာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှု၊ လိုအပ်သည်ထက်ပိုပြီး စိုးရိမ်ပူပန်ကြောင့်ကြမှု မရှိရေး၊ တရားဝင်ထုတ်ပြန်သော သတင်းများကိုသာ ယုံကြည်လက်ခံကြရန်နှင့် တရားမဝင်ဖြန့်ချိသော သတင်းများကို မယုံကြည်လက်မခံရန်၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒




ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ မောင်တောခရိုင်ရှိ မြို့မိ မြို့ဖများ၊ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မောင်တောမြို့ သီရိရတနာခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အား ချောင်းမြောင်းပစ်ခတ်၊ ဝါးပိတ်ကျေးရွာအား မီးရှို့ဖျက်ဆီး

သတင်း စာမျက်နှာ - ၈

# မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ကို ကျော်ဖြတ်ကာ ၂၀၁၆ ရွှေခြေထောက်ဆု ဘတ်ဖွန် ဆွတ်ခူး

ဂျူဗင်တပ်အသင်းနှင့် အီတလီအသင်းတို့၏ အားထားရသည့် ဂိုးသမားတစ်ဦးဖြစ်သည့် ဘတ်ဖွန်သည် ၂၀၁၆ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်သည့် ရွှေခြေထောက်ဆုကို နာမည်ကျော်ကစားသမားများဖြစ်ကြသည့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၊ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးရရှိခဲ့သည်။

ရွှေခြေထောက်ဆုသည် အသက် (၂၈)နှစ်အထက် ကစားသမားများကိုသာပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး ဆန်ခါတင်စာရင်းတွင် တိုက်စစ်မှူး မက်ဆီ၊ တိုက်စစ်မှူး စီရိုနယ်လ်ဒို၊ တိုက်စစ်မှူး ရွန်းနီ၊ ဂိုးသမားကာဆီးလက်စ်၊ နောက်တန်းကစားသမား **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍




# တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် တိုက်ပွဲဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုများကြောင့် ဒေသတည်ငြိမ် အေးချမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအား ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိသည်။

**စတင်ပစ်ခတ်တိုက်ခိုက်**

တပ်မတော်စစ်ကြောင်းသည် မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာသို့ ယနေ့နံနက် ၇ နာရီခန့်တွင် ရောက်ရှိရှင်းလင်းစဉ် ရွာတွင်း၌ရှိနေသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ရွာ၏အနောက်ဘက်သို့ ထွက်ပြေးသွားရာ ထက်ကြပ်လိုက်လံရှင်းလင်းစဉ် ၎င်းတို့က သေနတ်၊ တုတ်၊ ဓားများဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သောကြောင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် အနောက်မြောက်ဘက်သို့ ဆက်လက်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများထံမှ အလောင်း ၁၀ လောင်းနှင့် တစ်လုံးထိုးသေနတ် တစ်လက်တို့အား သိမ်းဆည်းရမိခဲ့သည်။

**ဆက်လက်ရှင်းလင်း**

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာအနီးတစ်ဝိုက်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ခိုအောင်းနေထိုင်မှုမရှိစေရေး တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

